ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (3-9-2003) (၃၉၈၂)

ဒါနဉ္စ
ဧတံ မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပုဂံရွှေနန်းတော် ပုံစံငယ်

ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းအတွင်း တည်ဆောက်မည့် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော် ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် ရတနာရွှေပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ် (ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိ သူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ မန္တလေးတိုင်း ပုဂံ-ညောင်ဦးလေဆိပ်သို့ နံနက် ၈နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ပုဂံမြို့ဟောင်းအတွင်း ရွှေနန်းတော် တည် ဆောက်မည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ မဟာရာဇသိရီအနိရုဒ္ဓဒေဝ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

ရတနာရွှေပန္နက်တိုင်စိုက်ထူ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းအတွင်း အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော် တည်ဆောက်ရန် အုတ်မြစ်တော် အလယ်ဗဟို၌ ရတနာရွှေပန္နက်တိုင် စိုက်ထူစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၂၁၀၃၇၄

နိုင်ငံတော် ဖွံ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃-၉-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသောနိုင်ငံဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများတွင် ဗဟိုအချက်အချာနိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာနိုင်ငံများအနက် ရဟန်းသံဃာငါးသိန်းခန့်နေထိုင် သီတင်းသုံးလျက်ရှိသော နိုင်ငံလည်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံသူ၊နိုင်ငံသား ပြည်သူလူထုသည် ဗုဒ္ဓဘာသာတရားကို အထူးသက်ဝင်ယုံကြည် ကိုးကွယ်ကြသူများဖြစ်သည်။

မြန်မာနိုင်ငံအစိုးရသည် သဗ္ဗညုဘုရားရှင် ဟောကြားတော်မူသော မူလတရားတော်များကို အခြေခံပြီး ကမ္ဘာ့ဗုဒ္ဓဘာသာဝင်ဂိုဏ်းပေါင်းစုံညီညွတ်ရေး၊ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး၊ ငြိမ်းချမ်းသောကမ္ဘာကြီး ဖြစ်ထွန်းရေးတို့အတွက် ဗုဒ္ဓဘာသာဝင်နိုင်ငံများကဝိုင်းဝန်းကူညီ ဆောင်ရွက်ရေး ရည်ရွယ်ချက်များဖြင့် စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို နင်ဘူးစုရှ ဂျပန်ဗုဒ္ဓဘာသာအဖွဲ့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ၂၀၀၄ခုနှစ်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၄ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်သည့် (၆)နှစ်မြောက် အခမ်းအနားနှင့်တိုက်ဆိုင်၍ အိမ်ရှင်နိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၃၁ရက်နေ့က ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများကို ကျင်းပရာတွင် ၁၉၉၈ခုနှစ်ကစ၍ ပထမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ကဦးဆောင်၍ ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည်။

ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၂ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည်။ ယခုစတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၄ခုနှစ်၌ ထေရဝါဒဗုဒ္ဓဘာသာ ဗဟိုအချက်အချာနိုင်ငံဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မည်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင်ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်း ညှိနှိုင်းစီမံချက်အရ ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ကိုးခုတို့ကို လုပ်ငန်းတာဝန်များနှင့်အတူဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

သီတဂူဆရာတော် ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရ ဦးဆောင်သော မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံတွင် ကမ္ဘာ့ဗုဒ္ဓဘာသာတက္ကသိုလ် ဖွင့်လှစ်ရေးနှင့် မြန်မာနိုင်ငံတွင် ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး အကြိုညှိနှိုင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဂျပန်နိုင်ငံသို့ ၂၀၀၃ခုနှစ် ဇူလိုင်လအတွင်းက ကြွရောက်ခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း နင်ဘူးစုရှ ဂျပန်ဗုဒ္ဓဘာသာဂိုဏ်းချုပ် အတွေတွေအတွင်းရေးမှူး ဆရာတော်တို့နှင့် တွေ့ဆုံ၍ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ ကိုယ်စားလှယ်များ ဖိတ်ကြားရေးကိစ္စ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ တက္ကသိုလ်ဖွင့်လှစ်ရေးကိစ္စ၊ ဆပ်ကော်မတီအသီးသီးဖွဲ့စည်းပြီး လုပ်ငန်းအကောင်အထည်ဖော်နေသည့်ကိစ္စ၊ အခမ်းအနားပြင်ဆင်ရေး၊ အစည်းအဝေးကျင်းပရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီအသီးသီးက ညီလာခံဆိုင်ရာ လုပ်ငန်းတာဝန်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်တော်မြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံမွမ်းမံပြုပြင်မှု ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိရှေးဟောင်းသမိုင်းဝင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ဆက်ကပ်လှူဒါန်းထားသည့် မျက်နှာသစ်တော်ရေနှင့် ရောင်တော်ဖွင့် ရွှေထည်ပစ္စည်း ၁၁မျိုးတို့အပြင် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်း ၃၃ခုတို့အတွက် အလှူရှင်အသီးသီးတို့၏ လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ဖြင့် ပြုလုပ်ဆောင်ရွက်ပြီး ဖြစ်ပါ၍ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ရေစက်ချ အလှူမင်္ဂလာပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် ကျောက်တော်မြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး စံကျောင်းတော်၌ ကျင်းပမည်ဖြစ်သဖြင့် အလှူရှင်များ တရားတော်နာကြွရောက်နိုင်ရန် ရုပ်ရှင်တော်မြတ်ကြီးဘက်စုံပြုပြင်မွမ်းမံရေးကော်မတီက နှိုးဆော်ထားသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

စက်တင်ဘာ ၂ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့(၅၈)နှစ်မြောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Pham Quang Khon နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သီရိမင်္ဂလာမဟာစည်ရိပ်သာ အထူးတရားစခန်းပွဲဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၅၁)ရပ်ကွက် မြဝတီမင်းကြီး(၁)လမ်း သီရိမင်္ဂလာ မဟာစည်ရိပ်သာ၌ တော်သလင်းလပြည့်မှ တော်သလင်းလပြည့်ကျော် ၁၀ရက်အထိ ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာ ပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည် နယ်လှည့် ဓမ္မကထိကတွံတေး အရှင်ကုဏ္ဍကနှင့် တပည့်များက ဝါတွင်းအထူး ၁၀ရက် တရားစခန်းပွဲ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အကျိုးဆောင်အဖွဲ့ ဖုန်း-၅၈၀၄၅၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၁)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ(၃၅)၊ ပါရဂူ၏ မိမိနှင့်နေရူး၊ ဒေါက်တာ မတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ မရှိတာထက်မသိတာခက်ပါတယ် ဆောင်းပါးတို့နှင့်အတူ မြတ်ခိုင်မှတ်တမ်းတင်သည့် အင်္ဂါစကားဝိုင်း၊ ဟဲလေးစတိုင်လ်၊ စန္ဒီကိုကိုဖက်ရှင်၊ ရာဇာနေဝင်းနှင့် စကားပြောခြင်းအပိုင်း(၂)တို့ပါဝင်ပြီး၊ တက္ကသိုလ်ထွန်းနောင်၏ စာတွေထဲက အသောကနဲ့ ရုပ်ရှင်ထဲက ASOKA အခန်းဆက်ဆောင်းပါး၊ ငြိမ်းအေးအိမ်၏ မဟာအခန်းဆက်ဝတ္ထုရှည်၊ ပြည်တွင်းပြည်ပ အနုပညာသတင်းများ၊ အားကစားသတင်းများအပြင် မဟာသတင်းဂျာနယ်တွင် အပတ်စဉ်ပါနေကျ မဟာဗေဒင်၊ မြတ်ခိုင်၏ မေးခွန်းတစ်ထောင်၊ 3D အစီအစဉ်တို့ဖြင့် ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

ရန်ကင်းဓမ္မိကဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ် ဓမ္မကထိက ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ)အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရားတော်များကိုစက်တင်ဘာ၆ ရက်မှ ၁၀ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ ညစဉ် ၈နာရီတွင် တရားနာယူနိုင်ကြောင်းသိရသည်။ (က-ပ)

အားသစ်လောင်းပွဲ

* မြန်မာအမျိုးသမီးများ
စစည်းထား စွမ်းအားစု
ဖွံ့ဖြိုးမှု ကဏ္ဍသစ်
ဖွင့်လှစ်တဲ့ သင်တန်းမှာ
ဝါစိမ်းပြာ ရောင်စုံလွှမ်း
ရွှင်လန်းတက်ကြွ ပေါင်းဆုံရာ၊
* သိပညာ တိုးပွားရေး
ပွင့်လင်းရေး အတွေးအမြင်
နိုင်ငံတွင် တစ်တပ်တစ်အား
စေတနာထား မေတ္တာရှင်
ဖြူစင်ရိုးသား အမျိုးသားရေးပါဝင်၊
* မျိုးနွယ်ခင် ယဉ်ကျေးထိန်း
အေးငြိမ်းတဲ့ ပြည်ထောင်စု
ညီညွတ်မှုနဲ့ တိုင်းရင်းသား
အရေးသုံးပါး ဒို့တာဝန်
ကျေပွန်သိတတ် စိတ်ဓာတ်ကြည်လင်
စည်ပင်ဖွံ့ဖြိုး တိုးတက်ခေတ်မီ
ရွှေပြည်သစ်ဆီသို့ ချစ်ကြည်စွာ လှမ်းချီကြပါစို့။ ။

ခင်ဖြူစင် (ကံမ)

မြန်မာ့ဆန်စပါးရောင်းဝယ်ရေးသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ)က ကြီးမှူး၍ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးသင်တန်း အပတ်စဉ်(၁) သင်တန်းကို စက်တင်ဘာ ၁၅ရက်မှ ၂၆ရက်အထိ UMFCCI Training Center အမှတ် ၇၄/၈၆ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ်၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

သင်တန်းသို့ စပါးစိုက်ပျိုး ထုတ်လုပ်သူများနှင့် ဆန်ကုန်သည်များ တက်ရောက်နိုင်ပြီး သင်တန်းသား၅၀ဦးသာ လက်ခံမည်ဖြစ်ရာ သင်တန်းလျှောက်လွှာကို ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း (၃၉လမ်းထောင့်) ကျောက်တံတားမြို့နယ် ဖုန်း-၂၄၆၄၉၅၊ ၂၄၃၁၅၁၊ ၃၈၁၂၈၄ နှင့် ၃၈၁၂၈၅တို့သို့ ဆက်သွယ်၍လျှောက်ထားနိုင်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံတကာ သတင်းများ

အီရတ်ကို သိမ်းပိုက်မှုကြောင့် ကုန်ကျသည့်စရိတ်စက ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောရန် ဘုရှ်ကို ဖိအားပေးနေ

ဝါရှင်တန် စက်တင်ဘာ ၁

အီရတ်နိုင်ငံကို သိမ်းပိုက်မှုကြောင့် ကုန်ကျရသော အမေရိကန် စစ်သားများ၏ စရိတ်စကသမ္မတဂျော့ဂ်ျဘုရှ်အနေဖြင့် ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောကြားရန် ဥပဒေပြုအမတ်များကဖိအားပေးလျက်ရှိကြရာ ထိပ်တန်းရီပတ်ဘလီကင်အမတ်တစ်ဦးက စစ်ဆင်တိုက်ခိုက်မှုတစ်ခု တည်းဖြင့် ငါးနှစ်ကျော်ကာလအတွက် အမေရိကန်ဒေါ်လာ ဘီလျံ ၃၀ အထိ ကုန်ကျနိုင်ကြောင်းပြောကြားသည်။

အမေရိကန်ဒေါ်လာ ဘီလျံ ၃၀ သည်လက်ရှိလစဉ်ကုန်ကျနေသည့် လေးဘီလျံအပြင်နောက်ထပ်ကုန်ကျမည့် စစ်အသုံးစရိတ်ဖြစ်ကြောင်း အင်ဒီယားနားပြည်နယ် ရီပတ်ဘလီကင်ပါတီနှင့် အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ရစ်ချတ်လူဂါက ပြောကြားသည်။ အမေရိကန်အစိုးရအနေဖြင့် ငွေကြေးမည်မျှအထိ လိုအပ်နေသည်ကို ရှင်းရှင်းလင်းလင်းပြောကြားသင့်ကြောင်း၊ အရီဇိုးနားပြည်နယ် ရီပတ်ဘလီကင်ပါတီနှင့် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များကော်မတီအဖွဲ့ဝင် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ဝါရှင်တန်ပို့စ်သတင်းစာတွင် ရေးသားထားသည်။

အမေရိကန်အစိုးရသည် အီရတ်နိုင်ငံ အသွင်ပြောင်းလဲရေးအတွက် လိုအပ်သည့်တာဝန်ယူထားမှုအပေါ်နှင့် ကုန်ကျစရိတ်စကပမာဏကို ပြည်သူလူထုနှင့် ကိုက်ညီသင့်ကြောင်း ၎င်းက ဆက်လက်ရေးသားသည်။

သမ္မတဘုရှ်သည် အီရတ်နိုင်ငံ ရေတိုကာလအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလျံမှ သုံးဘီလျံအထိ ဖြည့်ဆည်းပေးရန် အမေရိကန် အောက်လွှတ်တော်သို့ တင်ပြတောင်းခံနိုင်ဖွယ်ရှိကြောင်းနှင့် ယခုနှစ်တွင် အရေးပေါ် အသုံးစရိတ်မူကြမ်းဒေါ်လာဘီလျံ ၂၀ အထိ တွန်းအားပေး တောင်းဆိုနိုင်ကြောင်း၊ အချို့သော အောက်လွှတ်တော်သတင်းရပ်ကွက်က မျှော်လင့်ထားကြကြောင်းဖြင့် အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမေရိကန်အောက်လွှတ်တော်က အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံများတွင် အမေရိကန်စစ်အသုံးစရိတ်အတွက် ဒေါ်လာဘီလျံ ၆၀ ရှိအရေးပေါ်အသုံးစရိတ်မူကြမ်းကို ဧပြီလအတွင်းကခွင့်ပြုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဆက်ဒမ်ဟူစိန်၏နောက်လိုက်များအား မိုဆူးလ်မြို့ဆင်ခြေဖုံး၌ အမေရိကန်စစ်သားများ ရှာဖွေ

မိုဆူးလ် ဩဂုတ် ၃၁

အမေရိကန်စစ်သား ဒါဇင်ပေါင်းများစွာတို့သည် ရဟတ်ယာဉ်များ၊ သံချပ်ကာကားများ အကူအညီဖြင့် အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ ဆင်ခြေဖုံး လယ်ယာအိမ်ခြံများတွင် ဆက်ဒမ်ဟူစိန်၏ နောက်လိုက်များကို တနင်္ဂနွေနေ့တွင် ရှာဖွေကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

ပိုက်စိပ်တိုက်ရှာဖွေ

အမေရိကန်စစ်သားများအား ပြောက်ကျားစစ်ဆင်တိုက်ခိုက်မှုကို လမ်းညွှန်ဦးဆောင်နေသည်ဟု သက်သေမကင်းဖွယ်ဆက်ဒမ်ဟူစိန်၏ နောက်လိုက်သစ္စာခံများအား အမေရိကန်အမှတ်-၁၀၁ လေကြောင်းချီတပ်မမှ စစ်သားများက ပိုက်စိပ်တိုက်ရှာဖွေခဲ့ခြင်းဖြစ်သည်ဟု ထိုဒေသရှိ ပြည်သူများက ပြောဆိုသည်။

ဝေဖန်ပြောကြား

ဘဂ္ဂဒက်ရှိအမေရိကန်စစ်ဘက်ကမူ ယင်းစစ်ဆင်ရေးနှင့် စပ်လျဉ်း၍ ချက်ချင်းဝေဖန်ပြောကြားခြင်းမပြုဟု သိရသည်။

အီရတ်၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း သမ္မတဘုရှ်က မေ ၁ ရက်တွင် ကြေညာပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန်စစ်သားဦးရေ ၆၅ဦး ရှိသွားပြီဖြစ်သည်ဆို၏။

အင်တာနက်။

ဘာ့သ်ပါတီဝင်များကို စီးနင်းရှာဖွေမှု ပြုလုပ်

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်နေသည့်အဖွဲ့များထဲမှာပါဝင်သည်ဟု ယူဆထားသော ဘာ့သ်ပါတီကို ထောက်ခံသူများအား အမေရိကန်တို့က စနေနေ့တွင် တစ်ရက်ကြာစစ်ဆင်ရေး ဆင်နွှဲပြီး ပိုက်စိပ်တိုက်စီးနင်းရှာဖွေဖမ်းဆီးခဲ့သည်။ အဆိုပါ စီးနင်းရှာဖွေမှုတွင် အမေရိကန်တပ်ဖွဲ့များ သေကျေအောင် တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သူဟု ယူဆရသူ အယ်လ်ကူဘာဆန်နှင့် ၎င်း၏အဖွဲ့ဝင်များကို ဖမ်းဆီးရမိနိုင်ရန် ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်သော်လည်း အယ်လ်ကူဘာဆန်ကိုမူ ဖမ်းဆီးရမိခဲ့ခြင်းမရှိကြောင်း သိရသည်။ အမေရိကန်တို့က သံသယရှိသူ ၅၀ ခန့်ကို ဖမ်းဆီးသွားသော်လည်း ဖမ်းဆီးသွားသည့်အထဲတွင် အဓိကတရားခံများ မပါဝင်ကြောင်း စီစီတီဗွီသတင်းဌာနက ဖော်ပြသည်။

စီစီတီဗွီ။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြောက်ဘက် မိုင် ၁၄၀ ခန့်အကွာ ဟာမ်ရင်းနှင့် တယ်လော့ဆာဘီးကျေးရွာများတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော အမေရိကန်စစ်သည်များက အီရတ်လူမျိုးများအား ဖမ်းဆီးထားစဉ်။ (အမေရိကန်စစ်သည်များသည် ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများနှင့် လက်နက်များအား ရှာဖွေနိုင်ရန် တနင်္ဂနွေနေ့အစောပိုင်းက နေအိမ်အတော်များများကို စီးနင်းရှာဖွေခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့တွင် လုံခြုံရေးတင်းကျပ် မှားယွင်းပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံး

နာဂျက်ဖ် စက်တင်ဘာ ၂

လွန်ခဲ့သည့် သောကြာနေ့က ဖြစ်ပွားခဲ့သည့် နာဂျက်ဖ်မြို့ ဗုံးခွဲမှုကြောင့် တစ်မြို့လုံးတွင် လုံခြုံရေးအစီအစဉ်များ တင်းကျပ်စွာ ချမှတ်ထားသကဲ့သို့ တင်းမာမှုများလည်း မြင့်တက်လျက်ရှိသည်။ ရှီးယားဘာသာရေး ခေါင်းဆောင်တစ်ဦး၏အိမ်အနီးမှ ကားတစ်စီး အရှိန်ပြင်းစွာ မောင်းနှင်ဖြတ်သန်းသွားရာ ၎င်း၏ လုံခြုံရေးဝန်ထမ်းများက တိုက်ခိုက်မှုဟု အထင်မှားကာ ပစ်ခတ်ခဲ့သည့်အတွက် ယာဉ်မောင်းအပြင် ၎င်း၏မိခင်ပါ သေဆုံးသွားပြီး ကားပေါ်ပါလူနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ယာဉ်မောင်း၏ မိခင်ဖြစ်သူ မီးဖွားရန် ဆေးရုံသို့အရေးတကြီး လိုက်ပို့ရာမှ ယခုကဲ့သို့ အထင်အမြင်လွဲမှားကာ ပစ်ခတ်ခံရခြင်းဖြစ်သည်။

နာဂျက်ဖ်မြို့ လုံခြုံရေးအတွက် အီရတ်ရဲတပ်ဖွဲ့ဝင် ၄၀၀ ချထားရန် စီစဉ်လျက်ရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်များကမူ အရေးပေါ်စစ်ဆင်ရေးရုံးခန်းဖွင့်လှစ်ထားရှိပြီး တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုကို ကွပ်ကဲရန်လည်း စီစဉ်ထားသည်။

ဗုံးခွဲမှုနှင့် ပတ်သက်သည့် မသင်္ကာသူများကို ဖမ်းဆီးမှုမှာ အီရတ်လူမျိုးမဟုတ်သူ အာရပ်နှစ်ဦးကို ဖမ်းဆီးထားကြောင်းနှင့် အခြားသတင်းတစ်ရပ်ကမူဖမ်းဆီးထားသူများတွင် ကူဝိတ်လူမျိုး၊ အီရန်လူမျိုးနှင့် ဆော်ဒီလူမျိုးများလည်း ပါဝင်ကြောင်း ဖော်ပြထားပြီး ဖမ်းဆီးထိန်းသိမ်းသူဦးရေ အတိအကျကို မသိရှိရကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

နိုင်ငံတကာ အာကာသစခန်းနှင့် ကုန်တင်အာကာသယာဉ် ချိတ်မိပြီ

မော်စကို စက်တင်ဘာ ၁

အစားအစာ၊ ရေနှင့်အခြားသော ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသည့် ရုရှား၏ ပရိုဂရက် အမ် ၄၈ ကုန်တင်အာကာသယာဉ်ကို ကာဇက်စတန်မှ သောကြာနေ့က လွှတ်တင်ခဲ့ရာ ယခုအခါ နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်လိုက်နိုင်ပြီဖြစ်သည်။ အမေရိကန်အာကာသလွန်းပြန်ယာဉ်ကိုလံဘီယာသည် ဖေဖော်ဝါရီလက ပျက်ကျခဲ့ပြီးနောက်ပိုင်း ရုရှားအာကာသယာဉ်မှူးများ ကုန်တင်အာကာသယာဉ်နှင့်လိုက်ပါကာ နိုင်ငံတကာ အာကာသစခန်းသို့ ဆက်သွယ်သွားရောက်ခြင်းလည်းဖြစ်သည်။ နိုင်ငံတကာ အာကာသစခန်းမှာ ယခုလောလောဆယ် အမေရိကန် အာကာသယာဉ်မှူးတစ်ဦးနှင့် ရုရှား အာကာသယာဉ်မှူးတစ်ဦး စုစုပေါင်း နှစ်ဦးသာရှိမည်ဖြစ်ပြီး လာမည့်ဧပြီ ၂၈ ရက်တွင် ရုရှားဆိုယုဇ်အာကာသယာဉ်ဖြင့် ကမ္ဘာမြေပြင်သို့ ပြန်လာရန်ရှိကြောင်း စီစီတီဗွီသတင်းဌာနကဖော်ပြသည်။

စီစီတီဗွီ။

တုံ့ပြန်ရိုက်ချက်

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ဖလပ်ရှင်းဒေသတွင် ဩဂုတ် ၃၁ ရက်က ကျင်းပသော ၂၀၀၃ ခုနှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ပြင်သစ်နိုင်ငံမှ အမယ်လီမော်ရက်စ်မိုက ထိုင်းနိုင်ငံမှ တာမာရင်းတာန်နာဆူဂန်၏ ရိုက်ချက်ကို ပြန်လည်တုံ့ပြန်စဉ်။ (အဆိုပါပွဲတွင် မော်ရက်စ်မိုက ၆-၂၊ ၆-၂ဖြင့် အနိုင်ရရှိခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

အင်အားကြီးငလျင်ဒဏ် တုံ့ပြန်ကာကွယ်ရေး ဂျပန်တွင်လေ့ကျင့်

တိုကျို စက်တင်ဘာ ၁

စက်တင်ဘာ ၁ ရက်သည် ဂျပန်နိုင်ငံ၏ ဘေးအန္တရာယ် ကာကွယ်ရေးနေ့ဖြစ်သည်နှင့် အညီ အင်အားကြီးငလျင်ဒဏ် တုံ့ပြန်ကာကွယ်ရေးသရုပ်ပြမှုတစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။

၁၉၂၃ ခုနှစ်တွင် လှုပ်ခဲ့သည့်ကန်တိုငလျင်ကြောင့် လူပေါင်း တစ်သန်းလေးသောင်းကျော် သေဆုံးခဲ့ရသည့် နှစ် ၈၀ မြောက် အထိမ်းအမှတ်နေ့လည်းဖြစ်သည့် တနင်္လာနေ့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၁ ရှိ ငလျင်တစ်ခု တိုကျိုတွင်လှုပ်ခတ်လာမည်ဆိုပါက မည်သို့မည်ပုံပြုမူဆောင်ရွက်မည်ဆိုသည့် လေ့ကျင့်မှုတစ်ရပ်ကို သရုပ်ဖော်လေ့ကျင့်ခဲ့သည်။

ဝန်ကြီးချုပ်ကိုအိဇုမိ၏ အိမ်တွင် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို သရုပ်ပြ ပြုလုပ်ခဲ့ကြောင်းနှင့် ဂျပန်အလယ်ပိုင်းရှိ ဝမ်အင်ချီစုခရိုင်တွင်လည်း ငလျင်ဒဏ် ကာကွယ်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြောင်း အင်န်အိပ်ချ်ကေ သတင်းဌာနကဖော်ပြသည်။

အင်န်အိပ်ချ်ကေ။

အမေရိကန်နှင့် ဗြိတိန် စွပ်စွဲချက်အတွက် အထောက်အထား မတွေ့ရ ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ်အသစ်က ပြောဆို

နယူးယောက် စက်တင်ဘာ ၁

ဗြိတိန် ထောက်လှမ်းရေးဌာန၏ အီရတ်အမှုတွဲ၌ ပါရှိသော ဖော်ပြချက်များသည် လက်တွေ့ အခြေအနေများနှင့် မကိုက်ညီကြောင်း၊ အခြေအနေနှင့် မကိုက်ညီသော ဖော်ပြချက်မှာ ဆက်ဒမ်၏ လူအစုအပြုံလိုက် သေစေနိုင်သော လက်နက်များကို အချိန် ၄၅ မိနစ်အတွင်း ချထားပြီး ပစ်ခတ်နိုင်သည်ဆိုသော ဖော်ပြချက်ဖြစ်ကြောင်း ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ် အသစ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

စွပ်စွဲခဲ့

အမေရိကန်နှင့် ဗြိတိသျှတို့က ဆက်ဒမ်၏ လက်ဝယ်တွင်ရှိသော လက်နက်များသည် ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးစေနိုင်စွမ်းရှိသည်ဟု စွပ်စွဲခဲ့သည်။ ထိုစွပ်စွဲချက်နှင့် ညီညွတ်မှုရှိသော အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိရကြောင်း ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးချုပ်အသစ် ဒီမီထရစ်ပါရီကိုစ့်က အယ်သီအိုတိုက် ပီးယားသတင်းစာသို့ ပြောကြားသည်။

အထက်ဖော်ပြပါ အချိန် ၄၅ မိနစ်အတွင်း ဖျက်အားပြင်း လက်နက်များဖြင့် တိုက်ခိုက်နိုင်သည်ဆိုသော သတင်းကိစ္စအား ဗြိတိန်လက်နက် ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီ သေဆုံးရသည့်အမှုကို စစ်ဆေးနေသည့် စုံစမ်းရေးကော်မတီက အလေးပေး စစ်ဆေးလျက်ရှိသည်။

ကယ်လီမှာ ကိုယ့်ကိုယ်ကို သတ်သေသွားသည်ဟု မှန်းဆရသည်။ ၎င်းမှာ ဘီဘီစီသတင်းဌာနသို့ သတင်းပေးသူအဖြစ် တွေ့ရှိခဲ့ရသည်။ ဘီဘီစီက ဗြိတိန်အစိုးရသည် အီရတ် စစ်ပွဲဆင်နွှဲနိုင်ရန်အတွက် အီရတ်၏ လက်နက်များနှင့် သက်ဆိုင်သည့် သတင်းကို မမှန်မကန် ပြင်ဆင်ဖော်ပြခဲ့သည်ဟု သတင်းရေးသားခဲ့သည်။

ပျက်ပြယ်

ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးချုပ်အသစ် ပါရီကိုစ့်သည် ဂရိနိုင်ငံဖွား နျူကလီးယားကျွမ်းကျင်သူ တစ်ဦးဖြစ်သည်။ ၎င်းသည် လက်နက်စစ်ဆေးရေးမှူးချုပ်ဟောင်း ဟန်းစ်ဘလစ်၏ နေရာတွင်အစားထိုးခန့်ထားခြင်း ခံရသူဖြစ်သည်။ ယခုအခါ အီရတ်နိုင်ငံသည် လူအများအပြား သေစေနိုင်သော လက်နက်ဖြင့် ၄၅ မိနစ်အတွင်း တိုက်ခိုက်နိုင်သည်ဟူသော အယူအဆ ဖော်ပြချက်မှာ တဖြည်းဖြည်း ပျက်ပြယ်လာနေပြီဟု လက်နက်စစ်ဆေးရေးမှူးချုပ် ပါရီကိုစ့်က ပြောကြားသွားသည်။ ၎င်းက အီရတ်တွင် အစုအပြုံလိုက် သေစေနိုင်သော လက်နက်နှင့် ပတ်သက်၍ လက်ပူလက်ကြပ်ပြစရာ အထောက်အထား မတွေ့ရပါဟုဆိုသည်။ အမေရိကန်၊ ဗြိတိန်နှင့်သြစတြေးလျ နိုင်ငံများမှ လက်နက်ရှာဖွေရေး အဖွဲ့များမှာမူ အီရတ်၏ ဓာတု၊ ဇီဝနှင့် အခြားသော အစုအပြုံလိုက် သေစေသည့် လက်နက်များ တွေ့ရှိရေးအတွက် ရှာဖွေနေကြဆဲဖြစ်သည်။

လူအစုအပြုံလိုက် အကြီးအကျယ် သေစေနိုင်သော လက်နက်များ ရှိသည်ဆိုသောကိစ္စ သေချာစွာ မသိဘဲနှင့် စစ်ပွဲတစ်ရပ် ဆင်နွှဲသော ကိစ္စမှာ မည်သူမျှ မပြုလုပ်သင့်၊ မပြုလုပ်ထိုက်သောကိစ္စ ဖြစ်သည်ဟု ပါရီကိုစ့်က ပြောကြားသွားသည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့ အီရတ်ကို ဝင်တိုက်ကတည်းက အပြစ်မဲ့ ပြည်သူများ ဆက်တိုက်အသတ်ခံနေရ

ဘဂ္ဂဒက် ဩဂုတ် ၃၁

အမေရိကန်နှင့် ဗြိတိန်ဦးဆောင်သည့်တပ်များ အီရတ်တွင် အစုအပြုံလိုက် သေနိုင်သည့်လက်နက်များ စတင်ရှာဖွေကာ ဆက်ဒမ်ဟူစိန်အား ဖြုတ်ချလိုက်ပြီးကတည်းက အပြစ်မဲ့ အီရတ်ပြည်သူများအား သတ်ဖြတ်သည့် လူသတ်ပွဲများမှာ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

နောက်ဆုံး လူသတ်ပွဲမှာ မိုဟာမက် အရိုက်အရာကို စတုတ္ထမြောက်ဆက်ခံသူ ဟာရက်အလီ၏ ဂူဗိမာန်ဝတွင် အင်အားပြင်း ကားဗုံးပေါက်ကွဲမှုကြောင့် အီရတ်တို့၏ ရှီးယားမွတ်စလင်ခေါင်းဆောင် အယာတိုလာမိုဟာမက် အယ်ဟာခင်မ် အပါအဝင် ဝတ်ပြုသူ ၈၀ ခန့် သေဆုံးခဲ့ရပြီး လူ ၂၀၀ ကျော် ဒဏ်ရာရရှိသွားသည်ဟု ယုံကြည်ရသည်။

ရှုမြင်သုံးသပ်

အချို့သော နိုင်ငံရေးအခက်အခဲများက ယင်းအနိဋ္ဌာရုံအတွက် ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများကို အလျင်စလို အပြစ်ပုံချသော်လည်း ထိုလူသတ်ပွဲကို မိမိတို့ ကျူးလွန်ပါသည်ဟု မည်သည့်အဖွဲ့အစည်းကမှ ဝန်မခံပေ။ ထို့ကြောင့် ယခုအခါတွင် အဆိုပါ ဗုံးခွဲတိုက်ခိုက်မှု၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ အမျိုးမျိုး ရှုမြင်သုံးသပ်နေကြခြင်းဖြစ်သည်။

ကြိုတင်ပြောကြား

ကုလသမဂ္ဂရုံးကို လွန်ခဲ့သည့် ရက်သတ္တပတ်က ဗုံးခွဲမှု၊ နာဂျက်ဖ်မြို့၌ သောကြာနေ့က နောက်ဆုံး ဗုံးခွဲတိုက်ခိုက်မှု၊ သိမ်းပိုက်တပ်စွဲထားသည့် တပ်များအား နေ့စဉ် ပြောက်ကျားစစ်ဆင်တိုက်ခိုက်မှု၊ အမေရိကန် ဦးဆောင်သည့် တပ်များက အီရတ်ပြည်သူများအား အစုအပြုံလိုက် ဖမ်းဆီးထားမှု၊ ရေနံပိုက်လိုင်းနှင့် ရေပိုက်များကို ဖောက်ခွဲဖျက်ဆီးမှု၊ ရဲအရာရှိများနှင့် အမေရိကန်တို့နှင့် ပူးပေါင်းသူများအား တိုက်ခိုက်သတ်ဖြတ်မှုစသည့် အရာအားလုံးမှာ အီရတ်ကို မတိုက်မီကပင် အမေရိကန်၊ ဥရောပနှင့် အာရှမှ လူမှုရေးအဖွဲ့အစည်းများက ကြိုတင်ပြောကြားထားသည့် အဖြစ်များသာလျှင်ဖြစ်သည်။ ***အင်တာနက်။***

နိုင်ငံတကာ သတင်းများ

အမေရိကန် စစ်သည်နှစ်ဦး သေဆုံး စစ်ဌာနချုပ် ကြေညာချက်တွင် ဖော်ပြ

ဝါရှင်တန် စက်တင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံရှိ ရှာကင်မြို့၏ အနောက်မြောက်ဘက်ဒေသတွင် ပြောက်ကျားများနှင့် တိုက်ပွဲတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန် စစ်သည်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပက်တီယာပြည်နယ်တွင် ဖြစ်ပွားသော တိုက်ပွဲအတွင်း အမေရိကန် စစ်သည်သုံးဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် နှစ်ဦးမှာ သေဆုံးသွားကြောင်း အမေရိကန်ဗဟို စစ်ဌာနချုပ်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တိုက်ပွဲတွင် ဒဏ်ရာရရှိသူများကို ဆေးဝါးကုသပေးခဲ့သော်လည်း ၎င်းတို့အနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် နောက်ပိုင်းတွင် သေဆုံးသွားကြောင်း၊ တစ်ဦးမှာမူ အခြေအနေတည်ငြိမ်ကောင်းမွန်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန် စစ်သည်များနှင့် ပြောက်ကျားတို့အကြား မိနစ် ၉၀ ကြာမျှ တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ဗဟိုဌာနချုပ်က ပြောကြားသည်။ အမေရိကန်စစ်တပ်သည် သေဆုံးသွားသော အမေရိကန်စစ်သည်များအား ၎င်းတို့၏ ဆွေမျိုးသားချင်းများထံ အသိပေးပြီးချိန် နောက်ပိုင်းမှသာ သေဆုံးသူ မည်သူမည်ဝါတို့ဖြစ်သည်ကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် တာလီဘန် အကြွင်းအကျန် တိုက်ခိုက်ရေးသမားများအား ချေမှုန်းသည့် စစ်ဆင်ရေး လုပ်ငန်းတစ်ရပ်ကို အမေရိကန်တပ်ဖွဲ့နှင့် ဒေသခံအာဖဂန်နစ္စတန်များ ပူးပေါင်း၍ ဆောင်ရွက်နေချိန်တွင် ယင်းဖြစ်ရပ် ပေါ်ပေါက်လာသည်။ တာလီဘန်တိုက်ခိုက်ရေးသမားများသည် ခုခံတိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်လာလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

မြို့တော်ဘဂ္ဂဒက် မြောက်ဘက် ၂၂၄ ကီလိုမီတာအကွာ ဒေသတွင် အမေရိကန် အမှတ်(၄) ခြေလျင်တပ်မမှ စစ်သည်များက စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်ရာ၌ နေအိမ်တစ်လုံးအတွင်းသို့ ဝင်ရောက်ရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယ-တရုတ် ကုန်သွယ်ရေးတိုးတက်

ကိုလ်ကာတာ စက်တင်ဘာ ၁

၂၀၀၂ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ အထိကာလအတွက် အိန္ဒိယနှင့် တရုတ်ပြည်တို့၏ ကုန်သွယ်ရေးသည် ၂၀၀၁ ခုနှစ် အလားတူ ကာလကထက် ၃၇ ဒသမ ၅၀ ရာခိုင်နှုန်းတိုးကာ အမေရိကန် ဒေါ်လာ ၄ ဒသမ ၉၄ ဘီလျံ ရှိသည်။

အဆိုပါ ကာလအတွင်း အိန္ဒိယနိုင်ငံသို့ တရုတ်ပြည်၏ ပို့ကုန်သည် ၄၀ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် တရုတ်ပြည်ပို့ အိန္ဒိယ၏ ပို့ကုန်မှာလည်း ၃၃ ဒသမ ၇၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ကိုလ်ကာတာမြို့၌ ကျင်းပသော တရုတ်ပြည်နှင့် စီးပွားရေးလုပ်ကိုင်မှု အမည်ရှိ အလုပ်ရုံဆွေးနွေးပွဲ၌ အိန္ဒိယ ကုန်သည်ကြီးများအသင်းက ရရှိသည့် စာရင်းဇယားများအရ သိရသည်။

၂၀၀၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ပလတ်စတစ်ပို့ကုန် ၅၇ ရာခိုင်နှုန်း၊ သံနှင့်သံမဏိ ၃၁ ရာခိုင်နှုန်း၊ အော်ဂဲနစ်ဓာတုပစ္စည်း ၆၇ ရာခိုင်နှုန်း၊ သတ္တုပစ္စည်းများ ၁၄ ရာခိုင်နှုန်းအထိ သိသိသာသာ မြင့်တက်ခဲ့သည်။ ***အင်တာနက်။***

အီရတ်၌ စစ်သားများ အသေအပျောက်နည်းရေး အပေါင်းပါနိုင်ငံအချို့က အစီအမံများ ပြုလုပ်လျက်ရှိ

ဆိုဖီယာ ဩဂုတ် ၃၁

အီရတ်ရောက် ဘူဂေးရီးယားငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်သားများသည် ပစ္စတို၊ မောင်းပြန်လက်နက်များနှင့် ဒုံးပစ်လောင်ချာများ ကိုင်ဆောင်ထားသော်လည်း ကင်းလှည့်ရာတွင် သူတို့ကိုင်ဆောင်သည့် လျှို့ဝှက်လက်နက်မှာ စာစောင်လေးတစ်ခုပင်ဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြပါရှိသည်။

သူတို့ကိုင်ဆောင်သည့် စစ်မြေပြင်လမ်းညွှန်စာအုပ်က အီရတ်ယဉ်ကျေးမှုထုံးတမ်းများနှင့်တကွ အမျိုးသမီးများ သက်ကြီးရွယ်အိုများနှင့် တွေ့ဆုံသောအခါ မည်သို့နှုတ်ဆက်ရမည်ဟူသော အခြေခံ အာရပ်ယဉ်ကျေးမှုဓလေ့များကို ဖော်ပြထားသည်။

ယင်းမှာ ဘူဂေးရီးယားစစ်ဘက်၏ နှစ်လိုဖွယ် အစီအစဉ်တစ်ရပ်ဖြစ်ပြီး အင်အား ၄၇၀ ရှိ ဘူဂေးရီးယား တပ်သားများကို လက်ခံစေရန် မျှော်မှန်းဆောင်ရွက်ခြင်း ဖြစ်သည်။

အီရတ်တွင် ထိခိုက်သေဆုံးမှု မရှိရေးကို အတတ်နိုင်ဆုံး ရှောင်ရှားမည်ဖြစ်ကြောင်း၊ မိမိတို့သည် ဖိနှိပ်ရန် လာခြင်းမဟုတ်ဘဲ ကူညီရန်လာကြသည်ကို အီရတ်ပြည်သူများ နားလည်သဘောပေါက်စေလိုကြောင်းဖြင့် ဘူဂေးရီးယား ဒုတိယကာကွယ်ရေးဝန်ကြီး ဒီမီထရော့က ပြောဆိုသည်။

ယခုအခါတွင် အမေရိကန်နှင့် ဗြိတိန်စစ်သား အသေအပျောက်မှာ စစ်ပြီးကာလတွင် စစ်ပွဲကာလကထက် ပိုမိုများပြားသည်။ ဥပဒေ ပိုမိုကင်းမဲ့လာသည့် အီရတ်နိုင်ငံတွင် အီရတ်သို့ တပ်များစေလွှတ်သည့် နိုင်ငံများအနေဖြင့် ၎င်းတို့၏စစ်သားများ အသေအပျောက်နည်းသည့် နည်းလမ်းမှန်သမျှ အသုံးပြုမည်ဖြစ်သည်။

စစ်သား ၂၄၀၀၀ ခန့် ဖြန့်ကြက်ထားသည့် နိုင်ငံနှစ်ဒါဇင်ခန့်တို့မှာ နေ့စဉ်လိုပင် စစ်သားသေဆုံးရခြင်းက စိတ်တွင် စွဲထင်ဖိစီးနေသည်။ လုံခြုံရေးအခြေအနေကလည်း စစ်သားနည်းနည်းပို့သည့် နိုင်ငံများအတွက် အန္တရာယ်ပိုလျော့သွားမည် မဟုတ်ပေ။

စစ်သား ၄၀၀ စေလွှတ်သည့် ဒိန်းမတ်နိုင်ငံက ၎င်းတို့၏စစ်သားများပစ်ခတ်၍ သေဆုံးသူ အီရတ်အရပ်သား နှစ်ဦးအတွက် လျော်ကြေးပေးမည်ဟု ဆိုသည်။

လုံခြုံရေးအခြေအနေပိုဆိုးလျှင် တပ်များရုပ်သိမ်းမည်ဟု ဟန်ဂေရီနိုင်ငံက လူသိရှင်ကြားကြေညာသည်။

အင်တာနက်။

ဝက်စ်နိုင်းဗိုင်းရပ်ပိုး မဝင်ရောက်ရေး တရုတ်ပြည်၌ ကြိုတင်ကာကွယ်

ဘေဂျင်း စက်တင်ဘာ ၁

တရုတ်ပြည်သို့ ဝင်ရောက်လာသည့် အမေရိကန်ပြည်ထောင်စုမှ ခရီးသည်များ အနေဖြင့် အပူမြင့်တက်၊ ခေါင်းကိုက်၊ အဖုအပိမ့်ထပြီး ဖူးရောင်နေသည့် အကျိတ်လက္ခဏာများ ပေါ်ပေါက်ပါက စစ်ဆေးရေးနှင့် ရောဂါထိန်းချုပ်ရေး အာဏာပိုင်များထံသို့ အလျင်အမြန် အကြောင်းကြားရန် တရုတ်အစိုးရက တိုက်တွန်းနှိုးဆော်လိုက်သည်။

အရည်အသွေး ကွပ်ကဲရေး၊ စစ်ဆေးရေးနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က တရုတ်ပြည်တွင် ခြင်ကိုက်မှုကြောင့် ဖြစ်ပွားသည့် ဝက်စ်နိုင်းဗိုင်းရပ်ပိုး မဝင်ရောက်စေရန် ကြိုတင်ကာကွယ်သည့် အစီအစဉ်ကို ကြေညာသည်။

အမေရိကန်ပြည်ထောင်စုက ဖော်ပြပါ ဝက်စ်နိုင်းဗိုင်းရပ် ဖြစ်ပွားသူ ၁၉၇ ဦးအနက် လူငါးဦးသေဆုံးခဲ့သည်ဟု ဩဂုတ် ၁၁ ရက်က မှတ်တမ်းတင်ထားကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေးဌာန၏ စာရင်းဇယားများအရ သိရသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

နိုင်ငံတကာ သတင်းများ

ငြိမ်းချမ်းရေး အစီအစဉ်မရှိဘဲ အီရတ်စစ်ပွဲ ဆင်နွှဲခဲ့ သမ္မတဘုရှ် အစိုးရအား ဒီမိုကရက်အမတ်နှစ်ဦး ဝေဖန်

ဝါရှင်တန် စက်တင်ဘာ ၁

နာဂျက်ဖ်မြို့တွင် သောကြာနေ့က ဗုံးခွဲစဉ် သေဆုံးသွားသော ရှီးယားမွတ်စလင်တို့၏ ထိပ်တန်းခေါင်းဆောင် အယာတိုလာ မိုဟာမက်ဘာကာ အယ်လ်ဟာကင်မ်အတွက် ဝမ်းနည်းပူဆွေးကြသည့် ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများစွာတို့ နာဂျက်ဖ်မြို့အတွင်း တနင်္ဂနွေနေ့က စုရုံးရောက်ရှိလာကြစဉ် သမ္မတဘုရှ်၏ အမေရိကန်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးအစီအစဉ်မရှိဘဲ အီရတ်သို့ သွားရောက်တိုက်ခိုက်ခဲ့သည်ဟု အမေရိကန်အထက်လွှတ်တော်အမတ်နှစ်ဦးတို့က စွပ်စွဲလိုက်သည်။

အီမန်အလီ ဗလီအပြင်ဘက်တွင် သောကြာနေ့က ကားဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ၈၃ ဦး သေဆုံးရမှုကို ထိတ်လန့်စရာအဖြစ် ရှီးယားမွတ်စလင်များက ယူဆကြောင်း နာဂျက်ဖ်မြို့တော်ဝန်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

နောက်ဆုံးဖြစ်ရပ်

နာဂျက်ဖ်မြို့ ကားဗုံးဖောက်ခွဲမှုမှာ ဘဂ္ဂဒက်မြို့တော်အတွင်း ဂျော်ဒန်သံရုံး ဗုံးခွဲမှု၊ ကုလသမဂ္ဂရုံး ဗုံးခွဲမှုအပါအဝင် အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုလုပ်ငန်းများတွင် နောက်ဆုံး အကြမ်းဖက်တိုက်ခိုက်သည့် ဖြစ်ရပ်ဖြစ်သည်။

မိမိတို့တွင် ငြိမ်းချမ်းရေးအစီအစဉ်မပါဘဲ စစ်ပွဲကို အဆောတလျင်မဆင်နွှဲသင့်သည်ကို သိရှိနားလည်သူ၊ စီမံကိန်း ထိရောက်အောင် မည်သို့ဆောင်ရွက်ရမည်ကို သိသူလိုအပ်နေကြောင်းဖြင့် မက်ဆာချူးဆက်ပြည်နယ်မှ ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ်ဂျွန်ကာရီက အင်ကီစီ ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားလိုက်သည်။

အမေရိကန်စစ်သားများ အီရတ်တွင် ထားရှိရမည်ဟု မိမိယူဆကြောင်း၊ သို့သော် နောက်ထပ် စစ်သားများပို့ရန်မလိုဟု ထင်မြင်ကြောင်း အထက်လွှတ်တော်အမတ် ဂျွန်ကာရီက ပြောဆိုသည်။

ဂျွန်ကာရီကို ထောက်ခံဆွေးနွေးသူမှာ ကွန်နက်တီကက်ပြည်နယ်မှ ဒီမိုကရက်တစ်ပါတီဝင် အထက်လွှတ်တော်အမတ် ဂျိုးနက်လိုက်ဘားမင်းဖြစ်သည်။

တရားမျှတ

ဂျိုးနက်လိုက်ဘားမင်းက စီဘီအက်စ် ရုပ်မြင်သံကြားနှင့် တွေ့ဆုံစဉ် ဆက်ဒမ်ဟူစိန်အား ဖြုတ်ချခြင်းမှာ တရားမျှတကြောင်း၊ သို့သော် စစ်ပြီးကာလတွင် စီမံဆောင်ရွက်ပေးရေးတွင် သမ္မတဘုရှ် အစိုးရသည် ပျက်ကွက်ကြောင်းဖြင့် ဝေဖန်ပြောကြားလိုက်သည်။

ယခုအခါတွင် အီရတ်၌ တကယ့်အကျပ်အတည်းနှင့် မိမိတို့ ကြုံတွေ့နေရပြီဖြစ်ကြောင်း၊ သမ္မတဘုရှ် အစိုးရသည် စစ်ပွဲအောင်သော်လည်း ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် မအောင်မြင်ဖြစ်နေကြောင်း၊ ယင်းအခြေအနေမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် အဟန့်အတားရှိပြီး အီရတ်ရှိ အမေရိကန် စစ်သားများ၏ အသက်ကို အန္တရာယ်ပေးနိုင်သည့် အခြေအနေဖြစ်ကြောင်း ၎င်းက ဝေဖန်ပြောဆိုသည်။ ***အင်တာနက်။***

ဘာဆရာတွင် လုံခြုံရေး စိတ်ချရမှုမရှိ ကုလသမဂ္ဂဝန်ထမ်းများကို ရွှေ့ပြောင်း

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ်နိုင်ငံတောင်ပိုင်းရှိ မြို့ကြီးဖြစ်သော ဘာဆရာမြို့တွင် လုံခြုံရေးအခြေအနေ စိတ်ချရမှုမရှိခြင်းကြောင့် နိုင်ငံတကာ ကယ်ဆယ်ရေးဝန်ထမ်းနေရာရွှေ့ပြောင်း တာဝန်ထမ်းဆောင်ရန် ကုလသမဂ္ဂက ဆုံးဖြတ်လိုက်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ကုလသမဂ္ဂသည် ဘာဆရာမြို့တွင် ထားရှိခဲ့သော နိုင်ငံတကာဝန်ထမ်းများကို ကူဝိတ်နိုင်ငံသို့ ယာယီရွှေ့ပြောင်းမည်ဖြစ်ကြောင်း၊ ယင်းဝန်ထမ်းများသည် ကူဝိတ်နိုင်ငံတွင် အိပ်စက်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဘာဆရာမြို့သို့ နေ့စဉ် သွားရောက်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗာရွန်နစ်တာဘောက ပြောကြားသည်။

အီရတ်နိုင်ငံ၏ နောက်ဆုံး လုံခြုံရေးအခြေအနေကို သုံးသပ်လေ့လာမှုများ ပြုလုပ်ပြီးနောက် ယင်းကဲ့သို့ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ ဘာဆရာမြို့မှနေ၍ ကုလသမဂ္ဂဝန်ထမ်းများကို လုံးလုံးလျားလျား ရုပ်သိမ်းခြင်းမရှိသေးကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ဩဂုတ် ၁၉ ရက်က ကုလသမဂ္ဂရုံးကို ကားဗုံးဖြင့် တိုက်ခိုက်ခဲ့ရာ အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလိုးအပါအဝင် လူပေါင်း ၂၂ ဦးသေဆုံးခဲ့ရပြီး လူ ၁၀၀ အထိ ဒဏ်ရာရရှိခဲ့ရသည်။

အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ၁၀ ရက်အကြာတွင် ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၁၈၀ အကွာ နာဂျက်ဖ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၈၂ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ယင်းကဲ့သို့ သေဆုံးခဲ့ရသူများတွင် အီရတ် ထိပ်တန်းဘာသာရေးခေါင်းဆောင် အယာတိုလာ မိုဟာမက်ဘာကာ အယ်လ်ဟာကင်မ်လည်း ပါဝင်သည်။ နာဂျက်ဖ်ဗုံးခွဲမှုကြောင့် လူရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

ကုလသမဂ္ဂသည် အီရတ်နိုင်ငံရှိ ဝန်ထမ်းအင်အားကို အကြီးအကျယ် လျှော့ချမည်ဖြစ်ကြောင်း၊ ဘဂ္ဂဒက်၊ အာဘီးလ်၊ ဟီလာတို့ရှိ ဝန်ထမ်းများကို လျှော့ချမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက အစောပိုင်းတွင် ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖို့ကာဆန်မှ စစ်သားမိသားစုများ စိတ်ပူပန်နေ စစ်ပွဲအပြီး ထိုတပ်မှ စစ်သား ၁၇ ဦးသေဆုံး

ဖို့ကာဆန် စက်တင်ဘာ ၁

ကော်လိုရာဒိုပြည်နယ် ဖို့ကာဆန်မှ အေမီဝက်စ်ဆိုသူ အမျိုးသမီးတစ်ဦးသည် လွန်ခဲ့သည့် ရက်သတ္တ ခြောက်ပတ်က ကလေးမီးဖွားစဉ် နာရီကို တစ်ချက် ငုံ့စောင်းကြည့်ပြီး အီရတ်စစ်မြေပြင်ရှိ ခင်ပွန်းသည်ကို သတိရလိုက်သည်။

အီရတ်ရောက် ကြည်းတပ်ဗိုလ်ကြီး မိုက်ဝက်စ် ဘေးအန္တရာယ် ကင်းစေရန် အေမီဝက်စ်က သတိရလျက် ကျိတ်ဆုတောင်းမိသည်။

ဖို့ကာဆန်မှ အမေရိကန်စစ်သားများ အီရတ်ရောက်ချိန်တွင် အသေအပျောက်က များသည်။ မေ ၁ ရက်က တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟု ဆိုသော်လည်း ယင်းနောက်ပိုင်းတွင် သေဆုံးသည့် အမေရိကန်စစ်သားများအနက် ဖို့ကာဆန်မှ စစ်သား ၁၇ ဦး အထိ သေဆုံးခဲ့ရသည်။

အေမီဝက်စ်မှာ အသက်(၂၉)နှစ်သာရှိသေးပြီး ကလေးနှစ်ယောက်မိခင်ဖြစ်သည်။ ဖို့ကာဆန်တပ်မှ အမျိုးသမီး၊ အမျိုးသား စစ်သားပေါင်း ၁၂၀၀၀ ကို အီရတ်သို့ ပို့ထားသည်။ ယင်းမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးကတည်းက အများဆုံး ဖြန့်ကြက်ခြင်းဖြစ်သည်။ အများစုမှာ ဧပြီလအတွင်းက ငြိမ်းချမ်းရေးထိန်းသိမ်းမှုတာဝန်ဖြင့် စေလွှတ်ခြင်းဖြစ်သည်။ ထိုအတွင်းတွင် အမေရိကန် စစ်သားများအား အီရတ်တို့က ပြောက်ကျားနည်းဖြင့် ပိုမိုတိုက်လာသည့်ကာလဖြစ်သည်။

လွန်ခဲ့သည့်လ အနည်းငယ်အတွင်းတွင် စစ်သားမိသားစုအများအပြားမှာ အချိန်မတော်တွင် တယ်လီဖုန်းလာမည်၊ သို့မဟုတ် အိမ်တံခါးလာခေါက်မည်ကို စိုးရိမ်နေကြသည်။ သတင်းဆိုးများ ပါလာတတ်၍ ဖြစ်သည်ဆို၏။

အီရတ်စစ်ပြီးနောက်ပိုင်းတွင် သေဆုံးသည့် အမေရိကန်စစ်သား ဦးရေမှာ ၁၄၄ ဦးရှိကြောင်း၊ ယင်းမှာ စစ်အတွင်းက သေဆုံးသည့် ဦးရေ ၁၃၈ ဦး ထက်ပင် များနေသည်ဟု သိရသည်။ ***အင်တာနက်။***

ဘာဆရာမြို့သို့ ဦးတည်သော အဝေးပြေးလမ်းမကြီးပေါ်တွင် သံမှန်တိုင်းတိုက်ခတ်စဉ် ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၆၀၀ အကွာ၌ ရပ်နားထားရသော အမေရိကန်ကြည်းတပ်မှ မော်တော်ယာဉ်တန်း တစ်တန်းကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖွံ့ဖြိုးမှုအစီအစဉ်သစ်များ ရှန်ဟိုင်းမှ ဦးဆောင်သင့်

ရှန်ဟိုင်း စက်တင်ဘာ ၁

တရုတ်ပြည်အနောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် အပါအဝင် ဖွံ့ဖြိုးမှုအစီအစဉ်သစ်များ ထောက်ခံကူညီရေးနှင့် ယခင် စက်မှုထွန်းကားရာ တရုတ်ပြည် အရှေ့မြောက်ပိုင်း၌ စက်မှုပြန်လည်ထွန်းကားရေးတို့တွင် ထိပ်တန်း ဦးစားပေးအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရန် တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ရှန်ဟိုင်းမြို့အား တိုက်တွန်းလိုက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ရှန်ဟိုင်း မြူနီစီပါယ်အနေဖြင့် နိုင်ငံတကာ စီးပွားရေး၊ ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေးနှင့် သင်္ဘောတည်ဆောက်ရေးတို့တွင် ဗဟိုအချက်အချာဖြစ်စေရန် လှုပ်ရှားမှုများကို အရှိန်အဟုန် မြှင့်တင်သင့်ကြောင်း ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ လှည့်လည်စစ်ဆေးရာတွင် ဝမ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် အမေရိကန်စစ်သည်များ ဒဏ်ရာရရှိမှု မြင့်တက်နေရာတိုင်းလိုလိုမှာပင် ခုခံတိုက်ခိုက်မှုများ ပေါ်ပေါက်နေ

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်၏စစ်တပ်မှ တိုက်ခိုက်ရေးသမား အကြွင်းအကျန်များနှင့် အခြားသောတိုက်ခိုက်ရေးသမား အင်အားစုများက အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ကို ဆက်လက်၍ တိုက်ခိုက်လျက်ရှိရာ အီရတ်တွင် အမေရိကန်စစ်သည်များ၏ သေဆုံးသူဦးရေမှာ လျင်မြန်စွာ မြင့်တက်လျက်ရှိကြောင်း၊ အီရတ်နိုင်ငံတွင် တစ်ရက်လျှင် အမေရိကန်စစ်သည် ၁၀ ဦးခန့် ဒဏ်ရာရရှိကြောင်း အမေရိကန် ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့်မတ်လက အီရတ်စစ်ပွဲ စတင်ချိန်မှစ၍ စစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ် ဒဏ်ရာရရှိခဲ့သော အမေရိကန်စစ်သည်ဦးရေမှာ ၁၁၂၄ ဦးရှိရာ ယင်းကိန်းဂဏန်းမှာ အလွန်များပြားသည့် ကိန်းဂဏန်းဖြစ်ကြောင်း၊ အီရတ်နိုင်ငံတွင် နေရာတိုင်းလိုလိုမှာပင် ခုခံတိုက်ခိုက်မှုများ ပေါ်ပေါက်လျက်ရှိကြောင်း၊ အမေရိကန် ဗဟိုစစ်ဌာနချုပ်သည် သတင်းကြေညာချက်များကို အမြဲတစေ ထုတ်ပြန်လေ့ရှိသော်လည်း အမေရိကန်စစ်သည်တစ်ဦး (သို့မဟုတ်) တစ်ဦးထက် ပိုမိုသေဆုံးသောဖြစ်ရပ်များတွင် ဒဏ်ရာရရှိသူများကိုသာ ဖော်ပြလေ့ရှိကြောင်း၊ ဤအချက်ကို ကြည့်ခြင်းအားဖြင့် ဒဏ်ရာရရှိသော်လည်း သတင်းကြေညာချက် ထုတ်ပြန်မှုမရှိသည်ကိုလည်း တွေ့ရကြောင်း သတင်းစာက ရေးသားသည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေးဆိုင်ရာ စစ်ဆင်မှုလုပ်ငန်း ပြီးဆုံးပြီဟု မေလ ၁ ရက်နေ့က သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ် ထုတ်ပြန်ကြေညာခဲ့ချိန်နောက်ပိုင်း အမေရိကန်စစ်သည်များ သေဆုံးရမှုဦးရေ မြင့်တက်လာခြင်းနှင့်အတူ ထိခိုက်ဒဏ်ရာရသူဦးရေမှာလည်း မြင့်တက်လာကြောင်း သိရသည်။ အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်စစ်သည်များသည် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှု၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှု၊ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်သော မိုင်းဗုံးများ ပေါက်ကွဲမှုနှင့် ပေါက်ကွဲစေနိုင်သည့် ရတတ်ရာရာ ပစ္စည်းများအား အသုံးပြုထားသော ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုသော တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူ အမေရိကန်စစ်သည်ဦးရေမှာ လျော့ပါးသွားခြင်းမရှိဘဲ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြုစုစောင့်ရှောက်

တရုတ်ပြည် အနောက်တောင်ပိုင်း ဆီချွမ်ပြည်နယ် မြို့တော် ချန်ဒူးရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် တစ်လသားအရွယ်ရှိ ပန်ဒါဝက်ဝံသားပေါက်လေးကို မိခင်ပန်ဒါ ဝက်ဝံမကြီးက ပြုစုစောင့်ရှောက်နေသည်ကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

မရောင်ရာ ဆီလူး

ကပ္ပိယ ကံကောင်း

ထိုင်းနိုင်ငံအတွင်း မရှုနိုင်မကယ်နိုင်ဖြစ်နေတဲ့ မူးယစ်ဆေးဝါး (စိတ်ကြွ ရူးသွပ်ဆေးပြား) ပြဿနာတွေနဲ့ပတ်သက်လို့ ထိုင်းအစိုးရထိပ်တန်းတာဝန်ရှိသူအချို့နဲ့ ထိုင်းသတင်းလောက မီဒီယာတွေ အစဉ်တစိုက် လုပ်လေ့လုပ်ထရှိတဲ့ ပြဿနာရှာနည်းတစ်နည်းကတော့ မြန်မာနိုင်ငံကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ငယ်သံပါအောင် စွပ်စွဲအသရေဖျက်နေတဲ့ လုပ်ရပ်ပါပဲ။ သိတယ်မို့လား၊ ထိုင်းမီဒီယာများဆိုတာကလည်း ကြမ်းပိုးကို လိပ်ဖြစ်အောင်ရေးတတ်၊ အော်တတ်ကြတဲ့ ငနဲတွေ---။

မကြာသေးတဲ့ ဩဂုတ်လနောက်ဆုံးပတ်အတွင်းက ထိုင်းနိုင်ငံမြောက်ပိုင်းနဲ့ ချင်းမိုင် (ဇင်းမယ်) အနီးတစ်ဝိုက်မှာ မူးယစ်ဆေးဝါး (စိတ်ကြွရူးသွပ်ဆေးပြား) မှောင်ခိုသယ်ဆောင်လာသူတွေနဲ့ ထိုင်းလက်နက်ကိုင်တပ်ဖွဲ့တွေ အပြန်အလှန်ပစ်ခတ်မှုတွေဖြစ်ကြပြီး စိတ်ကြွရူးသွပ်ဆေးပြားတွေ၊ လက်နက်ခဲယမ်းတွေနဲ့အတူ မူးယစ်ဆေးဝါးမှောင်ခိုတွေကို အသေဖမ်းဆီးရမိခဲ့တဲ့အကြောင်း သတင်းတွေ ထွက်ပေါ်ခဲ့တာကို အားလုံးသိပြီးဖြစ်မှာပါ။

အဲဒီဖြစ်ရပ်ဖြစ်စဉ်တွေနဲ့ ပတ်သက်လို့ အလီဘိုင်တစ်ခု လက်ဆုပ်လက်ကိုင်ပြစရာရှိလာတဲ့အခါ ထိုင်းသတင်းမီဒီယာလောကသားတွေက ဘာကိုယိုးမယ်ဖွဲ့ လက်ညှိုးထိုး အသံကောင်းဟစ်လာသလဲဆိုတော့ရင် ထိုင်းနိုင်ငံအတွင်းမှာ အသေဖမ်းဆီးရမိလိုက်တဲ့ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်လာသူ မှောင်ခိုတွေဟာ မြန်မာနိုင်ငံထဲက "ဝ"တိုင်းရင်းသားတွေပါတဲ့။

ထိုင်းအာဏာပိုင်တွေနဲ့ သတင်းမီဒီယာတွေဟာ မြန်မာနိုင်ငံအတွင်းက ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UWSA အဖွဲ့ကို မူးယစ်ဆေးဝါး စိတ်ကြွဆေးပြား ထုတ်လုပ်ရောင်းချဖြန့်ဖြူးသူတွေအဖြစ် အိုးစွပ်ခွက်စွပ် လုပ်နေခဲ့တာကြာပါပြီ။

အခုပြဿနာတွေနဲ့ ပတ်သက်လို့လည်း ထိုင်းအစိုးရ အဆင့်မြင့်တာဝန်ရှိသူအချို့က မြန်မာအစိုးရ တာဝန်မကင်းသယောင် လှည့်ပတ်ဝေ့ဝိုက်ပြောဆိုပြီး နိုင်ငံတကာ အသိုင်းအဝိုင်းက ထင်ယောင်ထင်မှားဖြစ်အောင် အသံကောင်းဟစ်ပြနေကြလေရဲ့။

ကောင်းပြီ ---။

ဖြစ်ပျက်ပြီးသမျှ ဖြစ်စဉ်တွေနဲ့ပတ်သက်လို့ ရိုးရိုးလေးပဲ စဉ်းစားကြည့်ကြရအောင်။ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေး လုပ်ငန်းနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံမြောက်ပိုင်းက မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်မှာ ထိုင်းအစိုးရဘက်က အနံ့ခံခွေးပေါင်းစုံ၊ သတင်းပေးပေါင်းစုံ၊ ထောက်လှမ်းရေးပေါင်းစုံနဲ့အတူ လက်နက်ကိုင် အထူးတပ်ဖွဲ့တွေ အစီအရီချထားပြီးသားပါ။

မြန်မာနိုင်ငံဘက်က မူးယစ်ဆေးဝါးမှောင်ခိုတွေ ဝင်လာနိုင်တယ်လို့ ယူဆရတဲ့ နယ်စပ်မျဉ်းတစ်လျှောက်က ဝင်ပေါက်မှန်သမျှမှာ ဒီလို ဟန့်တားပိတ်ဆို့စောင့်ကြပ်မှုတွေ ရှိနေပါလျက် မြန်မာနယ်စပ်ကနေ ကီလိုမီတာပေါင်း ၂၅၀ ကျော်လောက်ဝေးတဲ့ ထိုင်းနိုင်ငံအတွင်းပိုင်းထဲအထိ UWSA "ဝ"အဖွဲ့တွေ ဝင်နိုင်တယ်ဆိုတာကြီးကတော့ စဉ်းစားစရာတွေ ဖြစ်နေလေရဲ့။

ထိုင်းနိုင်ငံအတွင်းပိုင်းက ကီလိုမီတာ ၂၅၀ ကျော်လောက်အထိ ထိုးဖောက်ဝင်ရောက်ခဲ့သူ မူးယစ်ဆေးဝါး (စိတ်ကြွရူးသွပ်ဆေးပြား) မှောင်ခိုတွေဟာ ထိုင်းအာဏာပိုင်တွေနဲ့ ထိုင်းသတင်းလောက မီဒီယာတွေ စွပ်စွဲခဲ့သလို မြန်မာပြည်ပေါက် "ဝ"တိုင်းရင်းသားတွေဖြစ်နေတယ်ပဲထားပါဦး။ "ဝ"ဖြစ်ရုံနဲ့ ငြိမ်းချမ်းရေးရယူထားတဲ့ UWSAအဖွဲ့က ဖြစ်ရောတဲ့လား။

ထိုင်းနိုင်ငံပိုင်နက် နယ်မြေထဲမှာ အခိုင်အမာခြေကုပ်စခန်းတွေဆောက်ပြီး ရပ်တည်လှုပ်ရှားနေတဲ့ SURAအဖွဲ့နဲ့ WNA အဖွဲ့တွေကရော "ဝ"တွေပဲမဟုတ်လား။ အဲဒီအထဲက "ဝ"တွေကရော ဒီလိုမူးယစ်ဆေးဝါး (စိတ်ကြွရူးသွပ်ဆေးပြား)မှောင်ခိုရောင်းဝယ်တဲ့ အလုပ်ကို မလုပ်ဘူးလို့ ဘယ်လိုအကြောင်းပြချက်မျိုးက အကာအကွယ်ပေးနိုင်မှာမို့လဲ။

ထိုင်းဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်ပြီး လက်သံပြောင်ပြောင်နဲ့ ဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစီမံကိန်းမှာ တာဝန်ရှိသူ အဆင့်ဆင့်အနေနဲ့ ဘယ်လောက်အထိ တိတိကျကျ မှန်မှန်ကန်ကန် လုပ်နေသလဲဆိုတဲ့ အချက်ကိုရော ထည့်သွင်းမစဉ်းစားသင့်ဘူးလား။ ဒီလိုပြောရတာ အတိတ်ပုံရိပ်တွေ ရှိနေတယ်လေ။

မြန်မာ-ထိုင်း-လာအိုနယ်စပ် ရွှေတြိဂံဒေသ ဘိန်းဖြူတစ်ခေတ် ထိုင်းတွေ ရွှေဖြစ်ခဲ့တဲ့အချိန်ကာလကတည်းက ၂၁-၃-၁၉၇၆ ရက်နေ့ထုတ် အမေရိကန် နယူးယောက် **ဒေးလီးစ်နယူးစ်** သတင်းစာက သတင်းစာ ဆရာ **ပေါလ်မက်စ်ကီးလ်** က ထိုင်းအာဏာပိုင်တွေရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ စွမ်းစွမ်းတမံဆောင်ရွက်ချက်တွေကို ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာပြီး အခုလို အထုပ်ဖြေပြခဲ့ဖူးပါတယ်။

...ထိုင်းနိုင်ငံမြောက်ပိုင်း တစ်နေရာတွင် အမေရိကန်ထောက်လှမ်းရေး သမားတစ်ဦးနှင့် ထိုင်းယစ်မျိုးအရာရှိ တစ်ဦးတို့က ထိုင်းလူငယ်တစ်ဦးကို မေးခွန်းများ ထုတ်နေကြသည်။ ထိုအမေရိကန် ထောက်လှမ်းရေးသမားမှာ အမေရိကန်မရိန်းတပ် ဗိုလ်အဆင့်ဖြင့် ဗီယက်နမ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

သူနှင့်အတူ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့ဝင်သုံးဦးတို့သည် ထိုင်းနိုင်ငံ မြောက်ပိုင်း၌ ရွှေတြိဂံဒေသမှ စီမံဝင်လာသော မူးယစ်ဆေးဝါးရေစီးကြောင်းကြီးကို ဟန့်တားရေးအတွက် အန္တရာယ်ကြီးပြီး အောင်မြင်ရန် အလားအလာမရှိသည့် တာဝန်ကို ထမ်းရွက်ခဲ့ကြရသည်။

ဗီယက်နမ်စစ်ပွဲ ပြီးဆုံးသွားသောအခါ တောင်ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားတို့မှ ဘိန်းလမ်းကြောင်းများ လုံးဝပိတ်သွားခဲ့သည်။ ရွှေတြိဂံဒေသမှ ထိုင်းနိုင်ငံသို့သာလျှင် တစ်ခုတည်းသော လမ်းကြောင်းအဖြစ် စီမံဝင်လာတော့သည်။ ဘိန်းစိမ်းအဆင့်မှ ဘိန်းဖြူအဆင့်အထိ လုပ်ငန်းအဆင့်ဆင့်ကို ထိုင်းနိုင်ငံထဲ၌ပင် ထုတ်လုပ်ပြီး နယူးယောက်မြို့တော်အထိ လမ်းပေါက်လျက်ရှိသည်။

မြန်မာအစိုးရသည် ဘက်မလိုက်သော အစိုးရဖြစ်သည်။ မူးယစ်ဆေးဝါးကုန်သွယ်မှုကို လုံးဝတားဆီးပိတ်ပင်လျက်ရှိသည်။

ထိုင်းနိုင်ငံကမူ ထိုင်းအစိုးရကိုယ်တိုင်က ဖမ်းမိထားသော ဘိန်းများအနက် အလေးချိန် တစ်တန်ကျော်ခန့်မှာ အစိုးရက ထိန်းသိမ်းထားစဉ် ပျောက်ဆုံးသွားကြောင်း ဝန်ခံခဲ့သည်။ တစ်တန်ကျော်ဆိုရာမှာ အဘယ်မျှကျော်သည်ဆိုခြင်းကို ကြိုက်သလိုမှန်းဆဖို့သာ ရှိပေလိမ့်မည်။

ဗီယက်နမ်စစ်ပွဲကာလအတွင်း တိုက်ပွဲကျ အမေရိကန်စစ်သားအလောင်းများကို လေယာဉ်ဖြင့် အမေရိကန်သို့ပြန်ပို့ရာတွင် ထိုင်းနိုင်ငံအတွင်း၌ ခေါင်းသွင်းပြီးမှ ပို့ကြသည်။ စစ်သားအလောင်းများ၏ ဝမ်းတွင်းမှ ကလီစာများကိုထုတ်ကာ ဘိန်းဖြူများ ထည့်၍ပို့ကြသည်။

လမ်းခုလတ် ဟာဝိုင်ယီတွင် လေယာဉ်တစ်ရက်ရပ်နားစဉ် လူသေအလောင်းဝမ်းဗိုက်မှ ဘိန်းဖြူများ ထုတ်ယူသည်အထိဖြစ်ခဲ့သည်။ အမေရိကန်စစ်ပြန် **အက်ကင်ဆန်** နှင့် **ဂျက်ဆန်** တို့သည် ထိုင်းနိုင်ငံတွင်အခြေချကာ ထိုင်းနိုင်ငံအတွင်းမှ ဘိန်းဖြူများ အမေရိကန်သို့ သယ်ဆောင် ဖြန့်ဖြူးသည်။ ဘိန်းဖြူတစ်ကီလိုကို ဗန်ကောက်ပေါက်ဈေး ဒေါ်လာနှစ်ထောင်သည် နယူးယောက်တွင် ရှစ်သိန်းအထိ ဈေးကြီးသွားသည်။

ဗန်ကောက်မြို့တွင် ဘိန်းဖြူလိုသလောက်ရသည်။ ထိုင်းနိုင်ငံ၏ ဒုတိယမြို့တော်လည်းဖြစ်၊ အဓိက မူးယစ်ဆေးဝါးဗဟိုဌာနကြီးလည်းဖြစ်သော ဇင်းမယ်(ချင်းမိုင်)မြို့လယ်ကောင်တွင် ယမန်နှစ်အတွင်းက ဘိန်းဖြူချက်လုပ်သော စက်ရုံကြီးတစ်ခုကို ဖော်ထုတ်ဖမ်းမိသည်။ ယင်းဘိန်းချက်စက်ရုံကြီး၏ပိုင်ရှင်မှာ ပြည်နယ်ပုလိပ်မင်းကြီးတစ်ဦးဖြစ်သော **ကာနယ်ဆာဝိုင်း** ဖြစ်သည်။

ယခင်က ထိုင်းယစ်မျိုးမင်းကြီးဖြစ်ခဲ့သူ ပုလိပ်ကာနယ်လ်တစ်ဦးကိုလည်း မူးယစ်ဆေးဝါးကုန်ကူးမှုဖြင့် ထောင် ၂၅ နှစ် အပြစ်ပေးခဲ့ဖူးသည်။ ၎င်းသည် ထောင်ထဲ၌ စတိမျှသာနေထိုင်ပြီး ယခု အပြင်တွင် လွတ်လပ်စွာ နေထိုင်လျက်ရှိသည်။

ဗန်ကောက်မြို့၏ ဒွန်းမောင်းလေဆိပ်ကို ကျွန်တော့်အနေဖြင့် ဘိန်းထွက်ရာ ကယ်ပေါက်ကြီး တစ်ခုအဖြစ်မြင်မိပါသည်။ ကမ္ဘာလှည့်ခရီးသည်တို့၏ လက်ဆွဲအိတ်များ၊ စီးပွားရေးသမားတို့၏ ခရီးဆောင်သေတ္တာများ၊ လေယာဉ်မယ်လေးတို့၏ ဘရာစီယာများအတွင်း၌ ဘိန်းဖြူများထည့်သွင်းကာ ဒွန်းမောင်းလေဆိပ်မှ နေ့စဉ်ထုတ်ယူလျက်ရှိသည်။ နိုင်ငံတကာလေယာဉ်များနည်းတူ အမေရိကန်နှင့် ထိုင်းစစ်လေယာဉ်များကလည်း မူးယစ်ဆေးဝါးမှောင်ခိုသယ်ပေးနေကြသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံကိန်းတွေနဲ့ ပတ်သက်လို့ ထိုင်းအစိုးရ အဆက်ဆက်က ဘယ်လိုပဲ ကြွေးကြော်လုပ်ဆောင် လုပ်ဆောင် ပလိုင်းပေါက်နဲ့ ဖားကောက်သလိုဖြစ်ပြီး ထင်သလောက် အရာမရောက်ခဲ့တာတွေနဲ့ ပတ်သက်လို့ ဘယ်လိုအခြေအနေ အကြောင်းတရားတွေက အရိပ်ထိုးလွှမ်းမိုးနေသလဲဆိုတာ ကြည့်တတ်ရင် မြင်နိုင်ပါတယ်။

ရှင်းရှင်းပြောရရင် ဩဂုတ်လနောက်ဆုံးပတ်အတွင်း ဖြစ်ပျက်ခဲ့တဲ့ ဖမ်းဆီးရမှုတွေဟာ လက်ရှိဆောင်ရွက်နေတဲ့ ထိုင်းအစိုးရရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်မှုစီမံကိန်းမှာ ဟာကွက်၊ ပျော့ကွက်တွေ ရှိနေတယ်ဆိုတာကို တစ်စိတ်တစ်ပိုင်း ဖော်ပြလိုက်တာပါပဲ။

ထိုင်းအစိုးရ တာဝန်ရှိသူတွေအနေနဲ့ မူးယစ်ဆေးဝါးပြဿနာတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းကောင်းပီသစွာ အပြန်အလှန်လေးစားလက်တွဲ ပူးပေါင်းဆောင်ရွက်လိုမှု စိတ်ကောင်းစေတနာမှန် ရှိခဲ့မယ်ဆိုရင် အခုလိုတစ်ဖက်သတ် လက်ညှိုးထိုးအပြစ်ဖို့စရာ ဘာမှအကြောင်းမရှိပါဘူး။

ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုရဲ့ နောက်ဆက်တွဲ သတင်းဖော်ထုတ်ချက်တွေ၊ ကွင်းဆက်တွေကို စနစ်တကျ ကိုင်တွယ်ပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းနှိမ်နင်းရေးအဖွဲ့တွေ ခြောက်လတစ်ကြိမ် ပုံမှန်ကျင်းပတဲ့ အစည်းအဝေးတွေမှာ ဖော်ထုတ်ညှိနှိုင်းဆွေးနွေးပြီး ထိရောက်စွာ အကောင်အထည်ဖော်လို့ မရဘူးလား။

အဲဒီအခြေအနေတွေနဲ့ ပတ်သက်လို့ MoU ခြောက်နိုင်ငံပါဝင်တဲ့ အစည်းအဝေး၊ MoU သုံးနိုင်ငံပါဝင်တဲ့ အစည်းအဝေးစတဲ့ ဗဟိုအဆင့်ဆင့်နဲ့ အောက်ခြေအဆင့်တွေမှာ ပြေပြေလည်လည် ဖြေရှင်းရနိုင်တဲ့ အခွင့်အလမ်းတွေရှိပြီးသားပါ။ ဖော်ပြခဲ့သလိုမျိုး UNDPပါဝင်တဲ့ ဆွေးနွေးပွဲစတဲ့ အခွင့်အလမ်းကောင်းတွေကနေ တစ်ဆင့် ညှိညှိနှိုင်းနှိုင်းမလုပ်ဘဲ ပြဿနာအစမရှည်-ရှည်အောင် တောပြော၊ တောင်ပြော၊ ချိုးပြော၊ မိုးပြော လုပ်နေမယ်ဆိုရင်တော့ ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေဟာ အခြေအမြစ်မဲ့ စွပ်စွဲပုတ်ခတ်ပြောကြားသူတွေရဲ့ တာဝန်ပဲဖြစ်ပါလိမ့်မယ်။

ထိုင်းအစိုးရတာဝန်ရှိသူတွေအနေနဲ့ ထိုင်းနိုင်ငံပိုင်နက် နယ်မြေထဲမှာ ခိုလှုံရပ်တည်ခွင့် ပေးထားတဲ့ SURAနဲ့ WNAလက်နက်ကိုင် သောင်းကျန်းသူတွေရဲ့ အဓိကရန်ဘက် နိုင်ငံတော်အစိုးရနဲ့ ငြိမ်းချမ်းရေး ရယူထားတဲ့ UWSAအဖွဲ့ကို ပစ်မှတ်ထားပြီး အပြစ်ပုံချ ယိုးစွပ်မှု ပေါင်းစုံလုပ်နေတာဟာ ထိုင်းနိုင်ငံအတွင်းက မူးယစ်ဆေးဝါး (စိတ်ကြွရူးသွပ်ဆေးပြား)အန္တရာယ်ကို တားဆီးကာကွယ်နှိမ်နင်းတဲ့သဘော မသက်ရောက်ပါဘူး။

ကုန်ကြမ်းနဲ့ ကုန်ချောဈေးကွက်အပိုင်းကို ထိထိရောက်ရောက် မဟန့်တားနိုင်ဘဲ ခါးပိုက်ဆောင်ထဲက မူးယစ်ဆေးဝါးမှောင်ခို SURAနဲ့ WNA တို့ကို ထိုင်းနယ်မြေထဲကနေ မောင်းမထုတ်ဘဲ ထိုင်းအစိုးရအနေနဲ့ စိတ်ကြွရူးသွပ်ဆေးပြား အန္တရာယ်ဆိုးကို အမြစ်ပြတ်အောင် လုပ်ဖို့ဆိုတာဟာ စိတ်ကူးယဉ် ဟန်ရေးပြမှုသက်သက်ပဲ ဖြစ်ပါလိမ့်မယ်။ ထိုင်းအစိုးရရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ ပျော့ကွက် ဟာကွက်ရှိနေတယ်ဆိုတာ အဲဒီအချက်ဟာ အဓိကတစ်ချက်ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပြဿနာ အရပ်ရပ်နဲ့ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်အပေါ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် အပြုသဘောမဆောင်ဘဲ စိတ်ရင်းစေတနာမှန်တဲ့ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုကိုမလုပ်ဘဲ တစ်ဖက်စောင်းနင်း စွပ်စွဲမှုတွေဟာ ရှင်းရှင်းပြောရရင်တော့ အပြုသဘောမဆောင်ပါဘူး။

ဆိုတော့ကာ---

ပြဿနာတစ်ရပ်ကို ဖြေရှင်းတဲ့နေရာမှာ **မရောင်ရာဆီလူး** လုပ်မိရင် ပြဿနာပြေလည်ရေး လမ်းကြောင်းကနေ သွေဖည်ပြီး နောက်ထပ်ပြဿနာတစ်ခု ဖြစ်ပေါ်ရေးကိုပဲ ဦးတည်တတ်တယ်ဆိုတာလောက်တော့ ကျေးဇူးရှင်များ သိနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါကြောင်း...။ ။

သာသနဝိပုလကာရီသိမ်တော် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် မြန်မာကန္ဒီကျောင်းတိုက်အတွင်း၌ ဆောက်လုပ်မည့် သာသနဝိပုလကာရီနှစ်ထပ်သိမ်ကျောင်းတော်ကြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၄ (ဝါခေါင်လပြည့်ကျော် ၁၂)ရက်က ကျောင်းတိုက်အတွင်း သိမ်ကျောင်းတော်ကြီးဆောက်လုပ်မည့် မြေနေရာတွင် ပြုလုပ်ရာကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုမနသာဂရအမှူးပြုသော ဆရာတော် သံဃာတော်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ ကြွရောက်တော်မူကြသည်။

အုတ်မြစ်စီ

မင်္ဂလာအချိန် နံနက် ၈ နာရီ ၃၇ မိနစ်တွင် မြန်မာကန္ဒီကျောင်းတိုက် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုမနသာဂရဦးဆောင်၍ ယုဇနဆောက်လုပ်ရေးမှ ဦးပုကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်သာသနာရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆောက်လုပ်ရေးရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များက ရတနာရွှေအုတ်၊ ငွေအုတ်များကို သက်ဆိုင်ရာထောင့်အသီးသီးတွင် အုတ်မြစ်စီ မင်္ဂလာဆောင်ရွက်ကြပြီး **(အပေါ်ပုံ)** ဥပဏ္ဍမှာက အဖွဲ့ဥက္ကဋ္ဌက ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

လှူဒါန်းနိုင်

သိမ်ကျောင်းတော်ကြီးအပေါ်ထပ်၊ အောက်ထပ်တို့တွင် တိုင်ကြီးလေးလုံး၊ သံဃာနေအခန်း ရှစ်ခန်း၊ ကုဋီလေးခန်း၊ ရေချိုးခန်း နှစ်ခန်း၊ ပြတင်းပေါက်များ၊ အုတ်နံရံအခန်းများပါရှိရာ တစ်ခုချင်းလှူဒါန်းသော အလှူရှင်များကို ကမ္ပည်းထိုးပေးမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုပါက မြန်မာကန္ဒီကျောင်းတိုက် ဦးပဏ္ဍိတ ဖုန်း-၅၉၃၃၅၇၊ ဥက္ကဋ္ဌမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၅၉၃၃၆၀၊ ဥက္ကဋ္ဌရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၅၉၃၁၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စာ သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၂

Basic English Speaking Skillsနှင့် Professional English Speaking Skills သင်တန်းများကို P.D.C မှ နိုင်ငံခြားတွင် သင်ကြားပို့ချခဲ့သော ဝါရင့်ဆရာများ ကိုယ်တိုင် သင်ကြားသည့် ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းများတွင် လုပ်ကိုင်ပြောဆိုနိုင်ရန် သင်တန်းများကို တနင်္လာနေ့မှ စနေနေ့အထိ နေ့လယ်ပိုင်းနှင့် ညနေပိုင်း သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ရာ စက်တင်ဘာ ပထမပတ်တွင် Basic Speaking Skills နှင့် စက်တင်ဘာ ၁၁ ရက်တွင် Professional Speaking Skills သင်တန်းများကို စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်း ပြီးဆုံးပါက အောင်လက်မှတ်ထုတ်ပေးမည်ဖြစ်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထား၍ ဖုန်း-၂၅၄၁၆၄သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဟာသဂျာနယ်

အတွဲ(၂)၊ အမှတ်(၅) ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂

ကာတွန်းမြင့်သိန်း၏ ကာတွန်းမျက်နှာဖုံးနှင့် ကာတွန်းငွေကြည်၏ "တစ်ဖြတ်တည်း" ကာတွန်းဇာတ်လမ်း အပါဝင် ဆရာသာဂဒိုး၊ ဆရာမြေဇာ၊ ဓနုဖြူ သန်းဆွေသစ်၊ ကာတွန်းမြင့်စိုးလေး၊ အောက်တိုဘာအောင်ကြီး၊ ဆာကြီးထိန်၊ ပြင်ဦးလွင်ချစ်ဆွေတို့၏ ဟာသအတွေးအရေးများဖြင့် "ဟာသ" ဂျာနယ်အတွဲ(၂)၊ အမှတ်(၅)ကို ဝါမိုးအောင်စာပေ၊ အမှတ်(၅၂၉)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(က-ပ)

မြန်မာ့သဘင်မှု အနုသုခုမပညာစစ်စစ် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး

ညွန့်ဟံ (ကြူတော)

မကြာတော့မည့်အချိန်ကာလတွင် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ဧကာဒသမအကြိမ် အဖြစ် ကျင်းပပေတော့မည်။ ရည်ရွယ်ချက်ခြောက်ရပ်ထားရာ **မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး** ဆိုသည့် အချက်တစ်ရပ်လည်း ပါဝင်ပေသည်။ အဆို၊ အကပညာရပ်များနှင့်အတူ ဆို၊ ငို၊ ပြောပညာရပ်များ လွှမ်းခြုံလျက်ရှိသည့် ရုပ်သေး၊ ဇာတ်သဘင်တို့လည်း ပါဝင်ပေသည်။ ဇာတ်သဘင်ကဏ္ဍတွင် ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီးကပြရန် ပြဋ္ဌာန်းပေးသည်။

သဘင်မှုအနုပညာတွင် **ဆို၊ ငို၊ ပြော** ပညာရပ်သည် ပဓာနကျပေ၏။ ရုပ်သေးနှင့် ဇာတ်သဘင်လောကတွင် အသုံးတွင်ပေ၏။ မြန်မာ့ဆိုရိုးစကားတွင် **ရုပ်သေးမှာအသံ၊ ဇာတ်မှာဟန်** ဆိုသည့် စကားရပ်ရှိပေ၏။ ရုပ်သေးတွင် ဆိုပေးသည့်အသံ ကောင်းမွန်ရန် အဓိကဖြစ်သကဲ့သို့ ဇာတ်တွင် ကပြသူတို့ဟန်ပန်အမူအရာ ကောင်းမွန်ရန်မှာ အဓိကဖြစ်ပေသည်။ သုခုမစကားလည်းဖြစ်ပါ၏။ ထို့ပြင် **ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်။ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်** ဆိုသည့် စကားရပ်လည်းရှိပေ၏။ ဇာတ်သမားများ ဇာတ်ကသည့်အခါတွင် ပရိသတ်အတွက် မှတ်သားစရာပါရမည်။ ဇာတ်သမားများ ဇာတ်သိမ်း၍ ပြန်သွားကြသော်ငြားလည်း ပရိသတ်အတွက် မှတ်သားစရာကျန်ရမည်ဆိုသည့် သဘောဖြစ်၏။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တွင်ကျယ်ခဲ့သော သဘင်အနုပညာ၏ အရေးပါမှုဖြစ်ပါ၏။

ကျွန်တော်တို့ ဇာတ်သဘင်၏ အရိုးအစဉ်ကို စွဲလမ်းခဲ့ရဖူးပါ၏။ ဇာတ်ကြီးများစွာကို ကြည့်ဖူးသကဲ့သို့ ရုပ်သေး၏ပညာရပ်ကိုလည်း တမ်းတရပါ၏။ ယနေ့ခေတ်ကသိပ်ပြီးနားလည်လှသည်တော့မဟုတ်။ အရွယ်ရလာသည့်အခါ မြန်မာ့ယဉ်ကျေးမှုသဘင်၏သဘောကို သိမှတ်ရပေသည်။ နောက်တော့ ကင်းကွာသွားသည်။ တကယ်တမ်းတင်ပြရပါက ရုပ်သေးဇာတ်သဘင်တို့ကို ကြည့်ရှုခွင့်ရဖို့ အခွင့်အလမ်းနည်းပါးသွားခြင်းလည်း ပါဝင်၏။

ကံကောင်းထောက်မစွာ နိုင်ငံတော်က ဆို၊ က၊ ရေး၊ တီး အနုပညာရပ်များ ဖော်ထုတ်သဖြင့် ကျေးဇူးတင်မိ၏။ ရုပ်သေးနှင့် ဇာတ်သဘင်သဘောကို ခံစားခွင့်ရသည်။ မီဒီယာ (Media) အစီအစဉ်များက ထုတ်လွှင့်ပြသသည့်အခါ **ဆို၊ ငို၊ ပြော** အတတ်ပညာစွမ်းပကားနှင့် သဘင်သည်တို့၏ တတ်ကျွမ်းသည့် အနုပညာသဘောကို လေးစားမိခြင်းဖြစ်ရပေသည်။

ရှေးအခါက မြို့ပြရွာကျေးလက်များမှာပါ ဇာတ်သဘင်ရုပ်သေးတို့ခေတ်စားခဲ့၏။ ယင်းတို့၏ သွန်သင်မှုက အစွမ်းထက်၏။ စာမတတ်၊ ပေမတတ် သက်ကြီးရွယ်အိုတို့ကသားမြေးများကို သွန်သင်သည့်အခါ ရွာတွင်ကပြခဲ့ဖူးသည့် ရုပ်သေး၊ ဇာတ်သဘင်တို့၏ ဆိုငိုပြောပညာထဲက ဇာတ်လမ်းဇာတ်သွားကို မှတ်သားကာ နည်းယူကျင့်ကြံဖို့ ပြောပြတတ်ကြသည်။ အကျိုးသင့်၊ အကြောင်းသင့်လည်း ပါဝင်၏။

သို့ဖြစ်၍ မော်ဘီဆရာသိန်းကြီးက **သဘင်ပညာသည်တို့အကြောင်း** မှတ်တမ်းတင်ရာတွင် "သဘင်ပညာသည်တို့ကား တိုင်းပြည်အုပ်ချုပ်ရေးတွင် အပါအဝင်ဖြစ်ကြောင်း၊ ဆင်းရဲသားများကို စိတ်နေစိတ်ထား ယဉ်ကျေးစေနိုင်ကြောင်း၊ ကုသိုလ်ကောင်းမှုကို ပွားများကြနိုင်ကြောင်း၊ သဘင်သည်တို့ ခင်းပြသော ဇာတ်လမ်း အပြော၊ အဆိုစသည်များကို မှတ်သားနာယူပြောပြတတ်သည်ဖြစ်ရာ ပြည်သူပြည်သားတို့ ယဉ်ကျေးစေရန် ရာဇဝင်ခန်း၊ နိပါတ်ဝတ္ထုခန်း၊ ကံစည်ရေးသားသော ထိုးဇာတ်များကို ခင်းကျင်းကပြရကြောင်း၊ ကလေးသူငယ်များလည်း ယဉ်ကျေးသိမ်မွေ့ကြောင်း" ဖော်ပြပေသည်။ သို့ဖြစ်ရာ-

> **"သဘင်ခန်း ရှင်လန်းကြ ဟိုအခါ တိုင်းပြည်ကို အုပ်ချုပ်ရေး၊ ပေးတဲ့အာဏာ ကြည့်ကြသူ ဗဟုတိုးပါလို့၊ အကျိုးသားမြေးပါ နေထိုင်ကြရာ နည်းယူကြောင်း ရုပ်စုံဇာတ်ကိုလ မှတ်ကြရန် လိမ္မာစေဖို့၊ အဘိုးအေဘွားအေတို့ပြောကြတယ်၊ သောတမသျောင်း"**

ဟူ၍ ၁၉၃၃ ခုနှစ်လောက်က ရေးဖွဲ့ခဲ့သည်ကို အမှတ်ရပါ၏။ ယခုသော်ကွဲပြားခြားနားလျက်ရှိပြီဟု ဆိုနိုင်ပေသည်။

သဘင်မှု အနုပညာနှင့်ပတ်သက်၍ တေးကဗျာတစ်ပိုဒ်ကို တင်ပြလိုပါ၏။ အလင်္ကာကျော်စွာ စောင်းဦးဘာသန်း ရေးဖွဲ့သော **သဘင်အစ ထံတျာက** သီချင်းထဲကဖြစ်ပါ၏။ **ရှေးအရိုးများ အဖိုးတန်သရှင်၊ ရွှေနန်းရှင်ဘုရား အထင်ကရရှိစဉ် တေးသဘင် (ယဉ်ကျေးမှုပင် ပေါ်ထင်တော်ဝင်မြော်မြင် အသုံးတော်ခံရသရှင်)၊ (နားသောတချို့အေးတယ်မှုပင်၊ အများသဘောကျ ဆိုတေးကဖြင့်ယဉ်)**ဟူ၍ဖြစ်ပါ၏။ လေးနက်သောသဘင်ပညာ၊ ဂီတအနုပညာဖြင့် ယဉ်ကျေးသိမ်မွေ့စေကြောင်း၊ အဖိုးထိုက်တန်ကြောင်း ရည်ညွှန်းခြင်းဖြစ်ပေ၏။

နိုင်ငံတော်က ကျင်းပလျက်ရှိသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ရေးလုပ်ငန်းအဖြစ် ရုပ်စုံဇာတ်သဘင်ပညာတို့သည် အံ့မခန်းသည့်အစွမ်းကို ပြသကြပေတော့မည်။

အကသာမဟုတ်ပါ။ ဂီတသည်လည်း စွဲမက်စရာဖြစ်နေ၏။ မြန်မာ့ရိုးရာဂီတအမွေသည် မြတ်နိုးအပ်၊ ထိန်းသိမ်းအပ်၏။ မြန်မာ့မူပိုင်၊ မြန်မာ့ဟန်စစ်စစ်ဖြစ်၏။ မြန်မာသံစစ်စစ်၊ မြန်မာ့ဟန်အကတို့ ပေါင်းစပ်သည့်အခါ အမျိုးဂုဏ်၊ ဇာတိဂုဏ်အတွက် မာန်ဝင့်စရာဖြစ်ရပေ၏။ ထိုသဘောကို ပညာရှင်တစ်ဦးက ယခုကဲ့သို့မှတ်တမ်းတင်ဖူးပါ၏။

"နရည်းဗုံတောင်တီးသံ၊ လေ့လော့်သံ၊ လေ့တော်က၊ ဗုံကြီးသံ၊ ဗုံကြီးက၊ ဒိုးပတ်သံ၊ ဒိုးပတ်က၊ အိုးစည်သံ၊ အိုးစည်က၊ စည်တော်သံ၊ စည်တော်ကများသည် မြန်မာ့အတီးအက စစ်စစ်များဖြစ်လေသည်။ မြန်မာ့ဂီတသံသည် ကြားရသော သောတရှင်တို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ဓာတ်သက်ပါသည့် ဂီတသံများဖြစ်လေရာ စည်တော်ကြီးသံကြားရသူတို့၏နှလုံး၌ ပီတိသောမနဿကို ထုံမွှမ်းစေ၏။ နရည်းဗုံတောင်သံသည် စိတ်သာယာကြည်နူးမှု ရရှိစေ၏။ အိုးစည်နှင့် ဒိုးပတ်သံကြားရသောအခါ ရိုးရိုးရွှရွှ ကချင်သလို၊ ခုန်ချင်သလိုဖြစ်ကာ စိတ်ကိုပျော်ရွှင်လာစေတတ်၏။ နတ်ဒိုး၊ နတ်ဆိုင်းသံများကို ကြားရသောအခါ နှလုံးစိတ်ဝမ်းငယ်တတ်၏။ ရင်ခုန်တတ်သည်။ ဤသည်တို့ကား မြန်မာ့သမားရိုးကျ ယနေ့အထိ မရိုးနိုင်သေးသော မြန်မာပိုင်သီချင်းနှင့် မြန်မာပိုင်အကတို့ပင် ဖြစ်သည်"ဟူ၍ဖြစ်ပါ၏။ ၁၉၄၈ ခုနှစ်က အရေးအသား ဖြစ်လေသည်။

တကယ်လည်း မတိမ်ကောသင့်သည့် မြန်မာပိုင်သဘင်အစု အနုသုခုမပညာရပ်များ ဖြစ်ပေသည်။ ယင်းပညာရပ်များကို အပြုသဘောဆောင်သည့် ယှဉ်ပြိုင်မှုများဖြင့်တင်ဆက်ကြပေတော့မည်။ အားရပါးရ ကြည့်ရှုနားသောတဆင်ခံစားခွင့်ရကြတော့မည်။ ကံကောင်းလှပေ၏။ အရိုးအစဉ်ယဉ်ကျေးမှုအနုပညာများပွင့်လန်း တောက်ပြောင်မည့် အခွင့်အလမ်းလည်း ဖြစ်ပေသည်။ ။

မြန်မာ့ရုပ်ရှင် ငွေရတုခေတ် သမိုင်းစာအုပ်ပုံနှိပ်ရန်စီစဉ်နေ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင်သမိုင်းပြုစုရေးကော်မတီက ကမကထပြု၍ ခေတ်အဆက်ဆက် မြန်မာ့ရုပ်ရှင်သမိုင်းကို ပြုစုသွားရန် စီစဉ်လျက်ရှိသည်။

ထိုအစီအစဉ်အရ ရုပ်ရှင်သမိုင်းပြုစုရေး ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်စိုး (စာရေးဆရာ ဒဂုန်မြင့်စိုး)က မြန်မာ့ရုပ်ရှင်ငွေရတုခေတ်သမိုင်းကို ပြုစုခဲ့ရာ ယခုအခါ သက်ဆိုင်ရာမှ ခွင့်ပြုချက်ရရှိပြီဖြစ်၍ စတင်ပုံနှိပ်ရန် ဆောင်ရွက်လျက်ရှိသည်။

စက္ကူချောဖြင့်

ထိုမြန်မာ့ရုပ်ရှင် ငွေရတုခေတ်သမိုင်းစာအုပ်မှာ မဂ္ဂဇင်းဆိုက်အရွယ်ကြီးဖြစ်၍ စက္ကူချောဖြင့် ရိုက်နှိပ်မည်ဖြစ်သည်။

သမိုင်းဝင်ဓာတ်ပုံများ

ထို့ပြင် ရုပ်ရှင်ခေတ်ဦးမှ သမိုင်းဝင်ဓာတ်ပုံများကိုလည်း ထည့်သွင်းဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)

ရိုက်ကူးပြီးစီးနေပြီဖြစ်သော စိန်ငွေးဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ လပြည့်ဝန်း၏ **"ရယ်ရမှာလား၊ ငိုရမှာလားမောင်ရွှေရိုး"** ဗီဒီယိုဇာတ်ကားမှ ငြိမ်းချမ်းနှင့် ရွှေရည်မိုးဦး။



စံပြရုံတွင် ပြသမည့် "ဗိုက်ပူသူတော်" ဒီဗီဒီဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ဗိုက်ပူသူတော် စံပြရုံ၌ ပြသမည်

ရန်ကုန် စက်တင်ဘာ ၂

စာရေးဆရာ မင်းသိခ်၏ ဝတ္ထုကို ဒါရိုက်တာခင်စောမျိုး ရိုက်ကူး၍ ကျော်သူ၊ ကျော်ရဲအောင်၊ ဇင်ဝိုင်း၊ ဇာဂနာ၊ မေသန်းနုနှင့် ခိုင်နှင်းဝေ တို့ပါဝင်သော **ဗိုက်ပူသူတော်** ဒီဗီဒီ ဇာတ်ကား စက်တင်ဘာ ၁၂ရက်တွင် စံပြရုံ၌ ရုံတင်ပြသရန် စီစဉ်ထားသည်။

အလားတူ ရွှေမန်း၊ သီတာနှင့် ဘုရင့်နောင်ရုံများ၌လည်း ပြသမည်ဟု သိရသည်။ (ကြေးမုံ)

ဝါးခယ်မ ဟံသာဝတီကမ္ဘောဇနန်းတိုက် ဘက်စုံပြုပြင်မည်

ရန်ကုန် စက်တင်ဘာ ၂

ဝါးခယ်မမြို့ သံကြိုးတိုင်ရပ်ကွက် မြူရုံးလမ်းရှိ ဟံသာဝတီကမ္ဘောဇနန်းတိုက်၏ သာသနိက အဆောက်အအုံများကို သံကြိုးတိုင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်ပြီး ဗုဒ္ဓသာသနာ့ပဋိပတ္တိသာသနာပြုအဖွဲ့ခွဲက ကြီးကြပ်ပြီး ဘက်စုံမွမ်းမံပြင်ဆင်မည် ဖြစ်သည်။ အတိဒုလ္လဘ ဓမ္မာရုံကြီးနှင့် ယောဂီဆောင်များမှာ နှစ်ပေါင်း၅၀ ကျော်ပြီ ဖြစ်သည့်အတွက် အကြီးစားပြင်ဆင်မှုများပြုလုပ်ခြင်း၊ မီးစက်၊ ရေတင်စက်များနှင့် ရိပ်သာအတွက် အခြားလိုသည့်ပစ္စည်းများ ဝယ်ယူဖြည့်တင်းခြင်း စသည်များကို ပြုလုပ်မည်ဖြစ်၍ သဒ္ဓါကြည်လင်ပါရမီရှင်များသည် သံကြိုးတိုင်ရပ်ကွက် ဥက္ကဋ္ဌဦးဘိုအောင်၊ အဖွဲ့ခွဲနာယက ဦးထွန်းရှိန်၊ ဥက္ကဋ္ဌဦးပြုံး၊ အတွင်းရေးမှူးဦးအောင်စိုးနှင့် ရိပ်သာ ဖုန်း-၂၆၂ တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်အောင်မြို့နယ်အသင်း ဆွမ်းလောင်းသွားမည်

ရန်ကုန် စက်တင်ဘာ ၂

မြန်အောင်မြို့နယ်အသင်း (ရန်ကုန်) ကြီးမှူးပြီး နှစ်စဉ် သံဃာဒါန ဆွမ်းလောင်းပွဲနှင့် ဆုတောင်းပြည့်စေတီ ထီးတော်ရွှေသက်န်းကပ်လှူရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ သွားရောက်လှူဒါန်းမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

မြန်အောင်သို့ အောက်တိုဘာ ၂ရက်တွင် မော်တော်ကားဖြင့် သွားပြီး အောက်တိုဘာ ၅ ရက် ပြန်ရောက်မည်ဖြစ်သည်။ လိုက်ပါလှူဒါန်းလိုသူများ ဦးအေးကိုကို(ဥက္ကဋ္ဌ) ၂၂၅/၂၂၇ ပန်းဆိုးတန်းလမ်း ဖုန်း-၂၈၀၅၀၄(ရုံး)၊ ၅၆၆၆၈၇ (အိမ်)၊ ဦးကိုကိုကြီး ဖုန်း-၂၉၀၈၃၆၊ ဒေါ်ခင်မျိုးလှ ဖုန်း-၅၄၂၆၃၀နှင့် ဦးခင်မောင်ညို တိုက် ၃၃/၈ ဝေဠုဝန်အိမ်ရာတို့သို့ စက်တင်ဘာ ၁၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့



ဆီများ လောင်းဖြည့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းအတွင်း တည်ဆောက်မည့် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော်၏ ထောင့်လေးထောင့်ရှိ ရာဝင်ဆီအိုးကြီး လေးလုံးကို ဆီများ လောင်းဖြည့်စဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်ကို ပြန်လည်တည်ဆောက်ရန် ရတနာရွှေပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို နံနက် ၈နာရီခွဲတွင် ပုဂံမြို့ဟောင်းအတွင်း ရွှေနန်းတော်တည်ဆောက်မည့် မင်္ဂလာမြေနေရာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ မြန်မာသမိုင်းပညာရှင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ Htoo Trading Co., Ltd ဥက္ကဋ္ဌ ဦးတေဇနှင့် တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် အကျိုးတော်ဆောင်များက ရွှေပန္နက်တိုင်များနှင့် ရတနာအုတ်မြစ်တော်များကို သယ်ဆောင်လှည့်လည်၍ သတ်မှတ်နေရာများသို့ ယူဆောင်ကြသည်။

သီကျူးဂုဏ်ပြု

ထို့အချိန်တွင် အနုပညာဦးစီးဌာနမှ ဦးကျော်ဆွေက ဖိုးသာအောင် မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ ပုဂံရွှေနန်းတော်ဖွဲ့ ဧကပိုဒ်ရတုနှင့် စည်တော်သံများဖြင့် သီကျူးဂုဏ်ပြုသည်။

ထို့နောက် ရတနာရွှေပန္နက်တော်တင်ပွဲကို ကျင်းပရာ အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးများက သတ်မှတ်အရပ်မျက်နှာနေရာများတွင် အစီအစဉ်အတိုင်း ရတနာရွှေပန္နက်တိုင်များကို စိုက်ထူကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထိုအချိန်တွင် သီရိသုဓမ္မမဏိဇောတဓရ တိံကြားဦးသန်းလှက နတ်ဗြဟ္မာများအား ပင့်ဖိတ်ပြီး မြေတိုင်မန္တန်ကို ရွတ်ဆိုသည်။

ရတနာအုတ်မြစ်တော်စီ

ယင်းနောက် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော် ရတနာအုတ်မြစ်တော်စီအစီအစဉ်ကို မူလအုတ်မြစ်တော် ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အုတ်မြစ်တော်အလယ်ဗဟို၌ ရတနာရွှေပန္နက်တိုင်ကို စိုက်ထူပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာရွှေကြုတ်တော်ကို ရတနာအုတ်မြစ်တော်၌ ထည့်သွင်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးများက သတ်မှတ်အစီအစဉ်အတိုင်း ရတနာအုတ်များကို အုတ်မြစ်တော်တွင် စီကြသည်။

မော်ကွန်းကမ္ပည်းထည့်သွင်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မော်ကွန်းကမ္ပည်းကြေးပြားကို ရတနာအုတ်မြစ်တော်၌ ထည့်သွင်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်တော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထိုအချိန်တွင် တိံကြားဦးသန်းလှက စိန္တာမဏိ ဂါထာကို ရွတ်ဆိုသည်။

ဆီများလောင်းဖြည့်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေနန်းတော်၏ ထောင့်လေးထောင့်ရှိ ရာဝင်ဆီအိုးကြီးလေးလုံးကို ဆီများလောင်းဖြည့်သည်။

ထိုအချိန်တွင် အနုပညာဦးစီးဌာန စောင်းအဖွဲ့နှင့် ညောင်ဦးဖိုးသာအောင် စောင်းအဖွဲ့တို့က အောင်စေ၊ ပိုင်စေသီချင်းဖြင့် သီဆိုတီးခတ်ဂုဏ်ပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

စနစ်တကျတည်ဆောက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် တာဝန်ရှိသူများ၊ မြန်မာမှုပညာရှင်များ၊ Htoo Trading Co., Ltd ဥက္ကဋ္ဌ ဦးတေဇနှင့် တာဝန်ရှိသူတို့က အနော်ရထာမင်းရွှေနန်းတော်၏ သမိုင်းဆိုင်ရာ အချက်အလက်များ၊ ရွှေနန်းတော်၏ဗိသုကာပုံစံများ၊ မြန်မာမှုလုပ်ငန်းများနှင့် ရွှေနန်းတော်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ဗိသုကာပုံစံငယ်၊ ကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေနန်းတော်တည်ဆောက်ရာတွင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာ၊ မြန်မာတို့၏ ရှေးထုံးအစဉ်အလာများနှင့် ညီညွတ်စေရမည့်အပြင် ပုဂံယဉ်ကျေးမှု မြန်မာမှုအနုပညာ လက်ရာစစ်စစ်များဖြင့် ပီပီပြင်ပြင် စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန် မှာကြားသည်။

ပုဂံနန်းမြင့်မျှော်စင်

ထို့နောက် Htoo Trading Co., Ltd ဥက္ကဋ္ဌ ဦးတေဇနှင့် အင်ဂျင်နီယာ ဗိသုကာပညာရှင်တို့က ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်နေမှုကို အင်ဂျင်နီယာတွက်ချက်မှုနှင့် ဗိသုကာပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြောင်းလဲဖြစ်ပေါ်နေသော ရေမြေရာသီများအပေါ် အခြေခံ၍ ရေရှည်တည်တံ့ခိုင်ခံ့စေရေး၊ အင်ဂျင်နီယာပညာရှင်များက အပြန်အလှန် အသေးစိတ် ညှိနှိုင်းတွက်ချက် ဆောင်ရွက်သွားကြရန်နှင့် ခံ့ညားထည်ဝါသည့်အပြင် အပြင်မြင်ကွင်းတွင် ရှေးဟောင်းပုဂံယဉ်ကျေးမှု အငွေ့အသက်များကို ရှုမြင်ခံစားရအောင် တည်ဆောက်သွားရန် မှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မကွေးဆေးတက္က[...] လက်တွေ့ခန်း၌ ကျောင်းသား၊ ကျောင်းသူများ လေ့လာသင်ကြား[...] ကြည့်ရှုစစ်ဆေးစဉ်။ (သတ[...]

➪ ကျောဖုံးမှ

စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သင်ကြားရေးဆေးရုံ ပင်မအဆောက်အအုံနှင့် သင်ကြားရေး စာသင်ဆောင်များအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မကွေးဆေးတက္ကသိုလ် ပင်မဆောင် (Block C) တည်ဆောက်ရေးလုပ်ငန်း၊ စာသင်ခန်းမများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဆေးသိပ္ပံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်တို့က မကွေးမြို့ပြည်သူ့ဆေးရုံကြီး၏ ဆေးဝါးကုသမှုအခြေအနေ၊ မကွေးဆေးတက္ကသိုလ်၏ သင်ကြားစီမံ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်မှုများ မှာကြားပြီး စာသင်ခန်းမ(၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ် သင်ကြားရေး သုံးထပ်ဆောင်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းမြင့်က မကွေးဆေးတက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ တည်ဆောက်ရေးလုပ်ငန်းပထမအဆင့်တွင် တက္ကသိုလ်မုခ်ဦး၊ စီမံရေးရာဆောင်နှင့် စာသင်ဆောင် ၁၂ဆောင်၊ ဒုတိယအဆင့်တွင် စာသင်ခန်းမနှစ်ဆောင်၊ သင်ကြားရေးသုံးထပ်ဆောင်တို့ ဆောက်လုပ်ပြီးစီးနေမှု၊ တတိယအဆင့်တွင် သင်ကြားရေး(C)အဆောက်အအုံ၊ အုပ်ချုပ်ရေးဆောင်နှင့် ဘက်စုံခန်းမ အပါအဝင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မကွေးဆေးတက္ကသိုလ်၏ ဝန်ထမ်းဖွဲ့စည်းမှုနှင့် ခန့်ထားပြီး အင်အား၊ သင်ကြားလေ့ကျင့်ရေးအစီအစဉ်၊ သင်တန်းသားတက်ရောက် ပညာသင်ကြားမှု၊ ခေတ်မီနည်းပညာအသုံးပြု၍ ဆေးပညာသင်ကြားခြင်း၊ ICT Development & Library Development လုပ်ငန်းများ တိုးချဲ့[...] နေမှု၊ ပတ်ဝန်းကျင် စိမ်းလ[...] ရေးလုပ်ငန်းနှင့် သယ်ယူပို့[...] လုပ်ငန်းများ ဆောင်[...] အခြေအနေနှင့် ပတ်သက်၍ [...] တင်ပြသည်။

အမှာစကားပြောကြ[...]

ထို့နောက် နိုင်ငံတော်ဝန်[...] ဗိုလ်ချုပ်ကြီးခင်ညွန့်က လို[...] ဆောင်ရွက်ဖွယ်ရာများကို မှ[...] အမှာစကားပြောကြားရာတွ[...] မြို့၌ ခုတင် ၂၀၀ဆံ့ ဆေးရုံ[...] မင်းဘူးမြို့၌ ခုတင် ၁၀၀ဆံ့ [...] တစ်ရုံ တည်ရှိနေပြီးဖြစ်သ[...]

မြန်မာနိုင်ငံ၏ အ[...] တံတား(မကွေး)သည် [...] ဆက်သွယ်ပေးသည့် တံတ[...] ရှည်သည်။ ဧရာဝတီတံတ[...] တွင် စတင်တည်ဆောက်[...] မြန်မာနိုင်ငံတွင် တည်[...] တံတားကြီးဖြစ်သော မကေ[...] တံတား(မကွေး)ကို ၂၀[...] ဖွင့်လှစ်ခဲ့ပြီး ညအလှမြ[...] တွေ့ရသည်။

ချုပ်ကြီးခင်ညွန့် မကွေးဆေးတက္ကသိုလ်
ကျောင်းသူများ လေ့လာသင်ကြားနေမှုကို
(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ment လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်မှုနှင့် ဆောင်ရွက်ဖွယ်ရာများကို မှာကြားပြီး အမှာစကားပြောကြားရာတွင် မကွေးမြို့၌ ခုတင် ၂၀၀ဆံ့ ဆေးရုံကြီးတစ်ရုံ၊ မင်းဘူးမြို့၌ ခုတင် ၁၀၀ဆံ့ ဆေးရုံကြီးတစ်ရုံ တည်ရှိနေပြီးဖြစ်သည့်အခြေအနေတွင် မကွေးဆေးတက္ကသိုလ်နှင့် တွဲဖက်လျက် ခုတင် ၂၀၀ဆံ့ သင်ကြားရေး ဆေးရုံကြီးတစ်ရုံ ထပ်မံတိုးပွားလာတော့မည် ဖြစ်သဖြင့် မကွေးဒေသနေ ပြည်သူများအတွက် ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးတစ်ရုံ ရှိဘိသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးမြှင့် ရရှိခံစားကြရတော့မည်ဖြစ်ကြောင်း။

အတွေ့အကြုံစုံလင်ရေး

ထို့အတူ မကွေးဆေးတက္ကသိုလ်ရှိ ကျောင်းသူ၊ကျောင်းသားများအတွက်လည်း လက်တွေ့ပညာ သင်ယူနိုင်မှု အခွင့်အလမ်းများ တိုးပွားလာခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် ခုတင် ၂၀၀ဆံ့ ဆေးရုံကြီးများတွင် သာမန်အားဖြင့် အထူးကုဌာန ၁၂ ခုသာ ဖွင့်လှစ်ပေးသော်လည်း ဆေးကျောင်းသူ၊ကျောင်းသားများ ရောဂါကုသမှု၊ ရောဂါရှာဖွေမှု အတွေ့အကြုံ စုံစုံလင်လင်ရရှိနိုင်ရေးအတွက် မကွေးဆေးတက္ကသိုလ် ခုတင် ၂၀၀ ဆံ့သင်ကြားရေးဆေးရုံကြီးတွင် အထူးကုဌာန ၁၇ခု ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

ဆေးတက္ကသိုလ်များ အနေဖြင့် ရန်ကုန်မြို့တွင် နှစ်ခု၊ မန္တလေးမြို့တွင် တစ်ခု ရှိထားပြီးဖြစ်သော်လည်း ဆရာဝန်များ ပိုမိုလေ့ကျင့် သင်ကြားမွေးထုတ်နိုင်ရေးအတွက် မကွေးဆေးတက္ကသိုလ်ကြီးကို ထပ်မံဖွင့်လှစ်ပေးခြင်းဖြစ်သည့်အပြင် သစ်လွင်ခံ့ညားထည်ဝါသည့် တက္ကသိုလ်အဆောက်အအုံသစ်ကြီးတွင်သင်ကြားရေးအပိုင်း၊ သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းကိရိယာများ၊ ရောဂါရှာဖွေမှု၊ ကုသမှုဆေးရုံသုံး ပစ္စည်းကိရိယာများကို ရန်ကုန်မြို့၊ မန္တလေးမြို့တို့နှင့် မခြား တန်းတူရည်တူ ဖြည့်ဆည်းပေးလျက်လည်းရှိကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးအတွက် IT နည်းပညာအသုံးပြုနိုင်မှုတွင် Internet, Intranet ချိတ်ဆက်မှုများ ရရှိနေပြီဖြစ်သည့်အပြင် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များသာမက နိုင်ငံခြားမှ ဆေးတက္ကသိုလ်များနှင့်ပါ Tele Conferencing ပြုလုပ်နိုင်သည်အထိ ရည်မှန်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု တိုးတက်လွှမ်းခြုံပေးနိုင်စေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့် အညီ မြန်မာနိုင်ငံလူဦးရေ ၅၂သန်းကျော်၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆရာဝန်များစွာလိုအပ်နေသေးကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများ၊ နယ်စပ်ဒေသများတွင် ဆရာဝန်များများစွာလိုအပ်နေသေးကြောင်း။

တိုးချဲ့ဖွင့်လှစ်

ယင်းသို့ လိုအပ်နေသည့် ဆရာဝန်များ တိုးတက်မွေးထုတ်နိုင်စေရန် ယခုကဲ့သို့ ဆေးတက္ကသိုလ်များ၊ သင်ကြားရေးဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးနေခြင်း ဖြစ်ကြောင်း၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတွင် ပြည်သူများ ပညာရည်မြင့်မားရေးသာမက ကျန်းမာကြံ့ခိုင်စေဖို့လည်း လွန်စွာလိုအပ်ကြောင်း။

အလုံအလောက်မွေးထုတ်

မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအတွင်း ကျန်းမာကြံ့ခိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ အလုံအလောက် မွေးထုတ်ပေးနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အပြည့်အဝ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များကသာ မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဓာတ်နှင့် စေတနာအပြည့်အဝထားပြီး စွမ်းဆောင်ပေးနိုင်မည်ဖြစ်ပြီး မိမိတို့၏ အမျိုးသားကျန်းမာရေး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများမှလွဲ၍ မည်သူ့ကိုမျှ အားကိုး၍ မရနိုင်ကြောင်း၊ အထူးသဖြင့် အင်အားကြီး နိုင်ငံရေးနှင့် ဆက်နွှယ်ပြီး စီးပွားရေးပိတ်ဆို့ဟန့်တားမှုများ လုပ်ဆောင်ပြီး ပြည်သူများ အကျပ်အတည်း အခက်အခဲများနှင့် ကြုံတွေ့စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိနေကြောင်း။

၎င်းတို့၏ မဟာဗျူဟာရည်မှန်းချက်များ ပြည့်မြောက်ရေးအတွက် မြန်မာနိုင်ငံတွင် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရန် ၎င်းတို့ဩဇာခံနိုင်ငံဖြစ်ရေးလုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ အင်အားအစစ်အမှန်သည် ပြည်တွင်း၌သာရှိသည်ဟု ယုံကြည်ခံယူထားကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းကြောင်း အခြေခံ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆီလျော်ညီညွတ်သည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးမူဝါဒလုပ်ငန်းစဉ်ကြီးများကို အခိုင်အမာချမှတ်ထားပြီးလည်းဖြစ်ကြောင်း။

အစီအစဉ်တကျ

မိမိနိုင်ငံ၊ မိမိလူမျိုး၏ အခြေအနေ အချိန်အခါနှင့်အညီ အမျိုးသားရေး အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းပေါ်တွင် အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဤကဲ့သို့ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သို့ ကိုယ့်အားကိုယ်ကိုး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨



မကွေးမြို့ရှိ မကွေးဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံ စာသင်ခန်းမ (၁)ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်သည့် ဧရာဝတီမြစ်ကူးတံတား(မကွေး)သည် မကွေးတိုင်း မကွေးမြို့နှင့် မင်းဘူးမြို့တို့ကို ဆက်သွယ်ပေးသည့် တံတားဖြစ်သည်။ စုစုပေါင်းတံတားအရှည် ၈၉၈၉ပေရှည်သည်။ ဧရာဝတီတံတား(မကွေး)ကို ၂၀၀၀ပြည့်နှစ် ဇန်နဝါရီ ၂၀ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် ပြီးစီးခဲ့သည်။ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးတံတားကြီးများအနက် အရှည်ဆုံးတံတားကြီးဖြစ်သော မကွေးမြို့နှင့်မင်းဘူးမြို့ကို ဆက်သွယ်သည့် ဧရာဝတီတံတား(မကွေး)ကို ၂၀၀၂ခုနှစ် နိုဝင်ဘာ ၂၄ရက်က အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး ညအလှမြင်ကွင်းအဖြစ် ဤသို့ ခံ့ညားထည်ဝါလှပစွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-(ရွှေအင်းသားခင်မောင်ဝင်း)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၀၃ (ဗုဒ္ဓဟူးနေ့)
၁၃၆၅ခုနှစ်၊ တော်သလင်းလဆန်းစရက်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓမေမဟာရဋ္ဌဂုရု အဘိဓအောဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ တေးသရုပ်ဖော်အစီအစဉ်

၈:၀၀ ၆။ အရေးပြိုင်ပွဲ

၈:၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၂၀ ၈။ ဂုံညင်းတန်းတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Islands of Dhamma.

၈:၅၀ ၁၁။ **ဘဒ္ဒန္တ ဇာဂရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကလေးဝ တောရကျောင်း၊ မရမ်းကုန်းမြို့နယ်ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၂၅ ၃။ Practice in Reading.

၄:၃၅ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု) (အထက-၁၊လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)

၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၂၀ ၇။ သီချင်းကြီးပဒေသာ

၅:၃၅ ၈။ ၂၀၀၃ခုနှစ် ဇာကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသမီး)

၅:၅၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၆:၀၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၆:၁၀ ၁၁။ Discovery.

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ Milo Success in Soccer.

၇:၁၀ ၁၅။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း ဆဋ္ဌမဆယ်စုနှစ် (အပိုင်း-၁)**

၇:၃၀ ၁၆။ ဗုဒ္ဓရောင်ဝါထွန်းလင်းစေမှာ မဟာသန္တိသုခ ကျောင်းတော်မဟာ

၇:၄၀ ၁၇။ အိုင်အိုဒင်းနှင့်ကျန်းမာရေး

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၁၀)**

၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**

၂၃။ နောက်တစ်နေ့အစီအစဉ်

၂၄။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

စာမျက်နှာ ၉ မှ

ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ အားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း မယိမ်းမယိုင် မတိမ်းမစောင်း ရောက်ရှိမည်မှာ မလွဲဧကန်ပင် ဖြစ်ကြောင်း။

တာဝန်ကျေပွန်စွာဆောင်ရွက်

ယင်းသို့ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးကြိုးပမ်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အမျိုးသားရေး တာဝန်ကျေပွန်စွာဖြင့် တက်ကြွစွာ ဆောင်ရွက်ကြဖို့လိုကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ဆရာ၊ ဆရာမများက မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များကို စာပေအတတ်ပညာများ တတ်မြောက်ကျွမ်းကျင်ရုံသာမက တတ်ကျွမ်းသည့်ပညာဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို ဖော်ဆောင်ပေးကြရေးအတွက် မှန်ကန်သော အသိအမြင်၊ မှန်ကန်သော အတွေးအခေါ်များ စွဲမြဲခံယူလာစေရအောင် အသိပညာလည်း ပေးကြဖို့လိုကြောင်း။

မှန်ကန်သောအသိပညာပေး

ဆရာ၊ ဆရာမများက အတတ်ပညာသာမက တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ ရင့်သန်ခိုင်မာလာအောင် မှန်ကန်သော အသိပညာကိုပါ ယှဉ်တွဲပေးကြမှသာ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုး ကြိုးပမ်းစွမ်းဆောင်မည့် လူရည်ချွန်လူရည်မွန်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ဆရာ၊ ဆရာမများအားလုံးက မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို မှန်ကန်သောအသိ၊ မှန်ကန်သော ယုံကြည်ချက်ဖြင့် မိမိတိုင်းပြည်၊ မိမိလူမျိုး အကျိုးကို လက်တွေ့စွမ်းဆောင်ပေးမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် ကြိုးစားလေ့ကျင့် ပျိုးထောင်ပေးကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ် ဇီဝကမ္မဗေဒ လက်တွေ့ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မကွေးမြို့ အခြေခံ ကျန်းမာရေး တက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ်ဒေါက်တာစိုးနောင်နှင့် ပါမောက္ခ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အခြေခံ ကျန်းမာရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ စိုးနောင်က မကွေးမြို့ အခြေခံ ကျန်းမာရေး တက္ကသိုလ်၏ နောက်ခံသမိုင်း၊ တက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ သင်ကြားရေးလုပ်ငန်းများ၏ အဓိက ရည်ရွယ်ချက်များ၊ သင်ကြားရေးဌာနများနှင့် ဝန်ထမ်းအင်အား၊ သင်တန်းအလိုက် ကျောင်းသားဦးရေမွေးထုတ်ပြီး အခြေခံကျန်းမာရေး ဝန်ထမ်းအင်အား၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အခြေခံ ကျန်းမာရေး ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများ၏ တက်လမ်းအဆင့်ဆင့်၊ သင်ကြားရေး လုပ်ငန်းအစီအစဉ်၊ ကွင်းဆင်း သုတေသနစာတမ်းဖတ်ပွဲများကျင်းပခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆွေးနွေးခြင်း၊ ခေတ်မီသင်ထောက်ကူ ပစ္စည်းများ အသုံးပြုသင်ကြားပို့ချခြင်း၊ Internet ချိတ်ဆက်ခြင်းနှင့် e-Library ထူထောင်ခြင်း၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ကျောင်းသား၊ ကျောင်းသူ သယ်ယူပို့ဆောင်ရေး၊ တက္ကသိုလ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သော ဆောင်ရွက်ပေးဖွယ်ရာများကို မှာကြားပြီး အမှာစကား ပြောကြားရာတွင် လက်ထောက် ကျန်းမာရေးမှူးများအပါအဝင်အခြေခံကျန်းမာရေးဝန်ထမ်းများ ပြုစုပျိုးထောင်လေ့ကျင့်ပေးနေသော အခြေခံ ကျန်းမာရေးတက္ကသိုလ်သည် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးတွင် အလွန်အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

အဓိကအခန်းမှပါဝင်

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ် အောင်မြင်အကောင်အထည်ပေါ်ရေးတွင် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးတွင် သားဖွားများ၊ သူနာပြုများသာမက လက်ထောက် ကျန်းမာရေးမှူးများပါ များစွာလိုအပ်ကြောင်း။

ယင်းလိုအပ်ချက် ဖြည့်ဆည်းပေးရေးအတွက် လက်ထောက် ကျန်းမာရေးမှူးများအပါအဝင် အခြေခံ ကျန်းမာရေးဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရေးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ဘဝရှေ့ရေးတိုးတက်မှု အခွင့်အလမ်းတိုးပွားလာစေရေး မျှော်မှန်းပြီး မိမိတို့အစိုးရခေတ်ကာလတွင် လက်ထောက် ကျန်းမာရေးမှူး သင်တန်းကျောင်းကို အခြေခံ ကျန်းမာရေး သိပ္ပံအဆင့်မှ တက္ကသိုလ်အဆင့်သို့ အဆင့်ဆင့် တိုးမြှင့်ပေးခဲ့သည့်အပြင် ဤမကွေးဒေသတွင် အဆင့်မြှင့်မားပြီး သစ်လွင်ခံ့ညားထည်ဝါသည့် အခြေခံကျန်းမာရေးတက္ကသိုလ်ကြီးကို အသစ်ထူထောင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

လက်တွေ့ဖြည့်ဆည်း

သို့ဖြစ်၍ ဤအခြေခံကျန်းမာရေး တက္ကသိုလ်သည် နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို လက်တွေ့ဖြည့်ဆည်း အကောင်အထည်ဖော် ပေးနေသည့် တက္ကသိုလ်ဟု ဆိုနိုင်ကြောင်း။

ထို့ကြောင့် တာဝန်ရှိသူအသီးသီးက ဤအခြေခံကျန်းမာရေး တက္ကသိုလ်ကြီး၏ ရည်မှန်းချက်တာဝန်များ ပြည့်မြောက်စေရေးနှင့် လက်ထောက် ကျန်းမာရေးမှူးများ အပါအဝင် အခြေခံ ကျန်းမာရေး ဝန်ထမ်းများ၏ ဘဝရှေ့ရေး တိုးတက်မြင့်မားစေရေး အတွက်ပါ ဦးတည်ပြီး တတ်သိကျွမ်းကျင်အပ်သော ပညာရပ်များ အပြည့်အဝလေ့ကျင့်သင်ကြားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မကွေးမြို့ မဟာဝိသုတာ ရာမတိုက် အဘိဓဇ မော်ကွန်းဗိမာန်တော်သို့ ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး သင်္ကန်း၊ ဆွမ်းဆန်တော် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသိမ်းမြင့်၊ဒုတိယ ပါမောက္ခချုပ် ဦးတင်မောင်ဦး၊ ပါမောက္ခ ဌာနမှူး၊ကထိက လက်ထောက် ကထိကနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ အဆင့်မြင့်ပညာ ဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်က မကွေးတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ ဘွဲ့ကြို၊ ဘွဲ့လွန် အထူးပြုဘာသာရပ်များ၊ ကျောင်းသား၊ ကျောင်းသူအင်အား၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများ၏ သင်တန်းများ၊ ကွန်ပျူတာ ၁၂၂ လုံး အပါအဝင် ခေတ်မီသင်ထောက်ကူ ပစ္စည်းများအသုံးပြုသင်ကြားပေးနေသော IT Centre Rooms များ အခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်နေ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် မကွေးမြို့ကြီးကို တိုင်းမြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များဖြင့် ဆီလျော်ညီညွတ်စွာ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ မကွေးဒေသကြီးသည်လည်း တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

မကွေးဒေသအနေဖြင့် တိုင်းမြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များအပြင် ဧရာဝတီမြစ်ကူးတံတားကြီး၊ အဆင့်မြင့်လေယာဉ် ကွင်းသစ်ကြီး စသည့် တိုးတက်ဖြစ်ထွန်းမှုများလည်း တိုးပွားဖြစ်ထွန်းလျက်ရှိနေကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့်တိုင်းများကို အခြေခံလျက် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ဖွံ့ဖြိုးရေးအထူးအစီအမံများအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မကွေးဒေသသည်လည်း ဖွံ့ဖြိုးရေး အထူးဒေသကြီး တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လျက် ရှိကြောင်း။

ပညာရှင်များမွေးထုတ်

သို့ဖြစ်၍ မကွေးဒေသကြီးသည် ဖွံ့ဖြိုးရေးအထူးဒေသကြီး၏ ဂုဏ်ဒြပ်နှင့်အညီ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ ဒေသကြီး တစ်ခု ဖြစ်လာနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မူဝါဒတစ်ရပ်မှာ နိုင်ငံတော်၏ ဒေသအသီးသီး၌ ဒေသတွင်းမှာပင် လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် ကျောင်းသူ၊ ကျောင်းသား လူငယ်များ မိမိတို့ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာ ဆက်လက် သင်ကြားနိုင်ရေး ဖြစ်ကြောင်း။

တိုးချဲ့တည်ဆောက်

ယင်းပညာရေးဆိုင်ရာမူဝါဒနှင့်အညီ နိုင်ငံတော်၏ ဒေသအနှံ့အပြားတွင် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ယခုအခါတွင် တက္ကသိုလ်နှင့် ကောလိပ် ၁၅၄ ခုအထိ ဖြစ်ထွန်းနေပြီး တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသား ရှစ်သိန်းကိုးသောင်းကျော်၊ ကိုးသိန်းနီးပါး ပညာသင်ယူလျက် ရှိနေကြောင်း။

ယင်းသို့ ကျောင်းသူကျောင်းသား လူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းနေသည့် အခြေအနေတွင် တက္ကသိုလ် ကောလိပ် ဆရာ၊ဆရာမများ တိုးတက်မွေးထုတ်နိုင်ရေးအတွက် ဘွဲ့လွန်ဒီပလိုမာ သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့ သင်တန်းများလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ပိုမိုထမ်းဆောင်နေရ

သို့ရာတွင် လက်ရှိအခြေအနေ၌ တက္ကသိုလ်နှင့် ကောလိပ် ဆရာ၊ ဆရာမ လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်တင်းနိုင်ခြင်း မရှိသေးရာ တက္ကသိုလ်နှင့် ကောလိပ် ဆရာ၊ ဆရာမများအနေဖြင့် တာဝန်ဝတ္တရားများ ပိုမိုထမ်းဆောင်နေကြရသည်ကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုပါကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့် တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာပါရမီဖြည့်ဆည်းပေးနေခြင်းဖြစ်သည်ဟု ခံယူပြီး ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ စွာလိုအပ်သည့် အခြေအနေတွင် ကျောင်းသူ၊ ကျောင်းသား လူငယ်များ အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို စွမ်းဆောင်ပေးနိုင်သည့် စိတ်ဓာတ်နှင့် အသိအမြင်မှန်ကန်ရေး အတွက်ပါ ပြုစုပျိုးထောင်ပေးရန်လိုအပ်လျက်ရှိရာ ဆရာ၊ ဆရာမများအားလုံးက နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်ဝ အောင်မြင်ရေးအတွက် ကြိုးစားလေ့ကျင့်သင်ကြားပေးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မကွေးလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မကွေးမြို့ရှိ မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံရှိ စာသင်ခန်းမ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများ ဗိုလ်တထောင် အထက(၅)၌ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများအား ဂုဏ်ပြုပွဲနှင့် ဂုဏ်ထူးရရှိသူများအား ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၇ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရရှိသူများသည် ယင်းနေ့နံနက် ၈နာရီတွင် သက်ဆိုင်ရာ ဆရာ၊ ဆရာမများထံ သတင်းပို့ကြရမည်ဖြစ်သည်။ ကျောင်းသား၊ကျောင်းသူများ၏ အာစရိယပူဇော်ပွဲများကိုလည်း စက်တင်ဘာ ၂၁ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကနောင်မဂ္ဂဇင်း အတွဲ(၁၀)၊ အမှတ်(၉)ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၂

ကနောင်မဂ္ဂဇင်း အတွဲ(၁၀)၊ အမှတ်(၉)စက်တင်ဘာလထုတ်ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန အမှတ် ၁၉၂ ကမ္ဘာအေးစေတီလမ်း ရန်ကုန်မြို့က ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သိရသည်။

(အောက်ပုံ) (က-ပ)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြို့တော်စည်ပင်လုပ်ငန်းများသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရ ပြည်သူတို့၏ အသံများကို နားစွင့်၍ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက် လုပ်ငန်းများ သွက်လက်မြန်ဆန်စေရန်၊ စည်းကမ်းမကျမှုနှင့် မှားယွင်းမှုလျော့နည်းရန် အောက်ခြေအဆင့်ထိ စိတ်ဓာတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲလေ့ကျင့်မှု ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၄)၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

တက်ရောက်

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ တွဲဖက် အတွင်းရေးမှူး ဦးကြည်ဝင်းနှင့်ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်းစခန်းများမှ စခန်းတာဝန်ခံများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂)တို့အား ရန်ကုန်

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဌာနများ ဖွဲ့စည်းထားမှု၊ မြို့တော်စည်ပင်က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးစီမံကိန်း ၁၁ခု၏ တည်နေရာ၊ ရင်းနှီးမြှုပ်နှံဆောင်ရွက်ချက်များ၊ စခန်းများအလိုက် မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုး၊ နှမ်း၊ ပြောင်း၊ ဟင်းသီးဟင်းရွက်ပင်များ၊ နှစ်ရှည်ပင်များ၊ ရာသီပင်များ စိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ အသားစားကြက်၊ ဝက်၊ ငါး၊ ရေချိုပုစွန်၊ ဥစားဘဲ၊ ချယ်ရီဘယ်ရီဘဲမွေးမြူထားမှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေရရှိမှုများ၊ မြို့တော်နေပြည်သူများအတွက် သား၊ ငါး၊ ကြက်ဥများကို သက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဘဏ္ဍာရေးနှစ်အလိုက် ရငွေ-သုံးငွေအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပရေး၊ နိုင်ငံတကာ အဆင့်မီ မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်သည့် မြို့တော်ဖြစ်ရေးတို့အတွက် မြို့တော်စည်ပင် ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ကော်မတီရုံးဌာနနှင့်ဌာန ၂၀ခုတို့သည် သက်ဆိုင်ရာ လုပ်ငန်းများကို ကဏ္ဍအလိုက် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရထားပို့ဆောင်ရေးဝန်ကြီး ဌာနရှိ တာဝန်ရှိသူများအား တွေ့ဆုံ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကဆွေးနွေးမှာကြားရာ၌ ရန်ကုန်မြို့တော်သည် ၁၉၅၈ ခုနှစ်တွင် ၃၂ စတုရန်းမိုင် ကျယ်ဝန်းသည့် မြို့တော်ဖြစ်ပြီး လူဦးရေ ခုနစ်သိန်းကျော်သာ နေထိုင်ခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်မြို့တော်သည် မြို့နယ် ၃၃ မြို့နယ်အထိ ၂၆၆စတုရန်းမိုင် ကျယ်ဝန်းပြီး လူဦးရေ ခြောက်သန်းနီးပါး နေထိုင်သည့် မြို့တော်ကြီးအဖြစ် ပြောင်းလဲတိုးတက်နေပြီဖြစ်ကြောင်း။

လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ အမှိုက်စွန့်ပစ်မှု ပမာဏသည် ၁၉၈၈ခုနှစ်ဝန်းကျင်တွင် တစ်နှစ်အမှိုက်တန် ခုနစ်သိန်းကျော်ရှိခဲ့ရာမှ ယခုအခါ တစ်နှစ်လျှင် အမှိုက်တန် တစ်သန်း သုံးသိန်းကျော် စွန့်ပစ်လာနေပြီဖြစ်ကြောင်း။

ရန်ကုန်မြို့တော်ကို နိုင်ငံတကာ အဆင့်မီ ခေတ်မီမြို့တော်အဖြစ် အဆင့်မြှင့်ရေး လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ဦးတည်ချက်ရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တီထွင်ကြံဆအားထုတ်မှုများဖြင့် စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် အခွန်အခများမှ ဝင်ငွေများနှင့်သာမက စိုက်ပျိုးမွေးမြူရေးစခန်း၁၁ခုကို ထူထောင်ထားပြီး ဝင်ငွေများ တိုးတက်ရရှိအောင်၊ တစ်ဖက်တစ်လမ်းကလည်း စားနပ်ရိက္ခာရရှိအောင် ကြိုးပမ်းစီမံနေသည်ကို တွေ့ရှိရကြောင်း။

တိုးတက်အောင်လုပ်ကိုင်

မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အဆင့်ဆင့်သော ဝန်ထမ်းများသည် ရန်ကုန် မြို့တော်ကြီးကို မြို့တော်အင်္ဂါရပ်များနှင့်ညီညွတ်သည့်ခေတ်မီမြို့တော်ကြီးအဖြစ် ဆက်လက်တည်ဆောက်ရာ၌ ရှေ့လူကြီးများ၏ တည်ဆောက်ပေးခဲ့သော အခြေခံကောင်းများကို အခြေခံ၍ ပိုမိုတိုးတက်သည်ထက် တိုးတက်သွားအောင် လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဌာန၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ပြီး လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်များကို မြှင့်တင်ဆောင်ရွက်သွားသကဲ့သို့ အလေအလွင့် အဆုံးအရှုံးများ မရှိအောင်လည်း အဆင့်ဆင့်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။



ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အခြေအနေများ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စိတ်ဓာတ်ပိုင်းဆိုင်ရာပြုပြင်

မြို့တော်စည်ပင်လုပ်ငန်းများသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတို့၏အသံများကို နားစွင့်၍ ပြုပြင်ဆောင်ရွက်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ပြည်သူများအပေါ် မထီမဲ့မြင် မပြုမိစေရန်၊ လုပ်ငန်းများ သွက်လက်မြန်ဆန်လာစေရန်၊စည်းကမ်းမကျနမှုနှင့် မှားယွင်းမှုများ လျော့နည်းပပျောက်စေရန်၊ အောက်ခြေအဆင့်အထိ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲလေ့ကျင့်မှုများ ပြုလုပ်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

မြားမြောင်ကျယ်ပြန့်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ထမ်းဆောင်ရသည့်လုပ်ငန်းများသည် မြားမြောင်ကျယ်ပြန့်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုများနှင့်အညီ ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါ ရန်ကုန်မြို့တော်သည် သိသိသာသာတိုးတက်ပြောင်းလဲလာနေပြီဖြစ်ကြောင်း၊ သို့ရာတွင် အခြား တိုးတက်ပြောင်းလဲနေသော နိုင်ငံများ၏ မြို့တော်များနှင့် နှိုင်းယှဉ်လိုက်ပါက ရန်ကုန်မြို့ကြီး၏ အဆင့်မြှင့်တင်ရေးလုပ်ငန်း၌ ဆက်လက်ကြိုးပမ်း တည်ဆောက်သွားရမည့် လုပ်ငန်း များစွာ ကျန်ရှိနေသည်ကို သတိပြုမိမည်ဖြစ်ကြောင်း။

ဤနေရာတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မှာကြားလမ်းညွှန်သည့်အတိုင်း မိမိတို့၏ လက်ရှိ တိုးတက်ဆောင်ရွက်မှုများအပေါ် ကျေနပ်အားရဖြစ်ပြီး ရပ်တန့်မနေဘဲ အမြဲတမ်း ဆက်၍ဆက်၍ ကြိုးပမ်းဆောင်ရွက်ရန် လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အမြဲတွေးတောကြံဆနေရန် လိုအပ်ကြောင်း။

အယိုအဖိတ်မရှိရန်

ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်နေရသော အဖွဲ့အစည်းဖြစ်၍ တည်ထောင်ထားသော ကုန်ထုတ်လုပ်ငန်းများ ဆုံးရှုံးမှုမရှိ တိုးတက်ဖြစ်ထွန်းအောင် ကြိုးစား

စာမျက်နှာ ၁၄ ကော်လံ ၁ သို့✡

နယ်စပ်ဒေသ ကွက်လပ်မကျန် တည်ဆောက်ပြုပြင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် တိုင်းရင်းသား သွေးချင်းတို့ မှီတင်းနေထိုင်ရာ နယ်စပ်ဒေသပါမကျန် ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ဒေသ ကိုးကန့် အထူးဒေသ(၁) မူးယစ်ဆေးဝါး ပပျောက်ရေးပြတိုက်ကြီးသည် သွေးချင်းတို့၏ လူမှုစီးပွား တိုးတက် ပြောင်းလဲရေးသို့ ဦးတည်ဖော်ဆောင်လျက်ရှိသည်။ **(ယာပုံ)**

လှိုင်သာယာ အမက (၄)

အခြေခံပညာဦးစီးဌာန၏ လှိုင်သာယာ အမက(၄) ကျောင်းဆောင်သစ်ကို ဤသို့ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် ပညာရည်မြှင့်တင်မှုကို တိုးမြှင့်ကြိုးပမ်းလျက်ရှိသည်။ **(အောက်ပုံ)**

စစ်တောင်းမြစ်ကူး(ရွှေကျင်–မဒေါက်) တံတားကြီးသည် တိုင်းရင်းသားပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန် တစ်ဖက်တစ်လမ်းမှ ထောက်ကူပါဝင်လျက်ရှိပေပြီ။ **(အောက်ဆုံးပုံ)** **(ကြေးမုံ)**

နယ်စပ်ဒေသ ကိုးကန့် အထူးဒေသ (၁) မူးယစ်ဆေးဝါးပပျောက်ရေး ပြတိုက်ကြီး

ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ရေဆင်းစပ်မျိုးနေကြာ ပြောင်းလဲ စိုက်ပျိုး

သတင်းဆောင်းပါး-ကျော်စိန် ၊ ဓာတ်ပုံမှတ်တမ်း-စိုက်ပျိုးရေး

ရေဆင်းစိုက်ပျိုးရေး သုတေသနဌာန၏ ရေဆင်းစပ်မျိုး နေကြာစိုက်ခင်းမှ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နေကြာပွင့်ကြီးတစ်ပွင့်ကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-စိုက်ပျိုးရေး)

ရန်ကုန် စက်တင်ဘာ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရေဆင်းစိုက်ပျိုးရေး သုတေသနဌာနရှိ ဆီထွက်သီးနှံ ဌာနစုသည် နိုင်ငံတော်က ချမှတ်သော ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးနှင့် ပတ်သက်၍ သုတေသနပြုဆောင်ရွက်ချက်များကို ဗဟို စိုက်ပျိုးရေး သုတေသနဌာန ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်မာမာနွယ်အား ကြေးမုံသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

ဆီထွက်သီးနှံဌာနစုအနေနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး သုတေသနပြု ဆောင်ရွက်လျက်ရှိသော သီးနှံသုံးမျိုးရှိသည်။ မြေပဲသီးနှံတွင် တစ်ဧကလျှင် တင်း၅၀ ရရှိရန်ဖြစ်သည်။ နှမ်းသီးနှံတွင် တစ်ဧကလျှင် တင်း၂၀နှုန်း ရရှိရမည်ဖြစ်ပြီး နေကြာသီးနှံတွင် တစ်ဧက တင်း၅၀ ရရှိရမည်ဖြစ်သည်။

မြေပဲသီးနှံတွင် တစ်ဧက တင်း ၅၀ ရရှိရန် အတွက် အရေးကြီးဆုံးမှာ မျိုးကောင်းမျိုးသန့်ရရှိရန် ဖြစ်သည်။ တင်း၅၀ရရှိရန်အတွက် မျိုးကောင်း မျိုးသန့်များကို သီးနှံဌာနစုက ထောက်ခံထားသော မျိုးသုံးမျိုးရှိပြီး ဆင်းပဒေသာ(၅)၊ (၆)၊ (၇)တို့ ဖြစ်သည်။ ဆင်းပဒေသာ(၅)သည် အထွက်နှုန်းကောင်း၍ ရောဂါခံနိုင်သောမျိုးဖြစ်သည်။

ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ရေဆင်းစိုက်ပျိုးရေး သုတေသနဌာနတွင် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ သုတေသနပြု ထုတ်လုပ်လျက်ရှိရာ စမ်းသပ်စိုက်ပျိုးထားသော အထွက်နှုန်းကောင်း စပ်မျိုးနေကြာခင်းကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-စိုက်ပျိုးရေး)

အထွက်နှုန်း တင်း၅၀

ဆင်းပဒေသာ(၆)မျိုးသည် ရေငတ်ဒဏ်ခံနိုင်သော မျိုးဖြစ်ပြီး ဗဟိုစိုက်ပျိုးရေး သုတေသနဌာနက မွေးမြူထားသော မြေပဲမျိုးဖြစ်သည်။ ဆင်းပဒေသာ ခုနစ်မျိုးသည် သက်လျှင် အထွက်ကောင်း မြေပဲမျိုးဖြစ်သည်။ ၎င်းမြေပဲမျိုးများကို ပန်းတိုင်အထွက်နှုန်းရရှိရန် နည်းစနစ်များဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဆိုလျှင် ပန်းတိုင်အထွက်နှုန်းတင်း ၅၀ ရရှိရန် သေချာသည်။

နှမ်းသီးနှံနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တင်း၂၀ဖြစ်သည်။ နှမ်းသီးနှံကို မိုးရာသီတွင် အများဆုံးစိုက်ပျိုးသည်။ မိုးရာသီတွင် နှမ်းသီးနှံသည် အပျက်အစီးများသည့်အတွက် အထွက်နှုန်းရရှိရန် မသေချာပါ။ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်း တင်း၂၀ ရရှိရန် မိုးကြိုနှမ်း၊ နွေနှမ်းကို စိုက်ပျိုးလျှင် သေချာသည်။

မိုးကြိုရာသီသင့်လျော်

နွေနှမ်းကို စိုက်ပျိုးရန်အတွက် ဆီထွက်သီးနှံ ဌာနစုမှ ထောက်ခံထားသော မျိုးသုံးမျိုးရှိသည်။ ဆင်းရတနာ(၃) နှမ်းနက်မျိုး၊ ဆင်းရတနာ(၄) နှမ်းဖြူမျိုးနှင့် ဆင်းရတနာ(၅)တို့ဖြစ်သည်။ ဆင်းရတနာ(၅)သည် မိုးကြိုရာသီအတွက် အထူးသင့်လျော်သည်။ အပူဒဏ်ခံနိုင်ပြီး အထွက်နှုန်းလည်း မြင့်မားသည်။ ၎င်းနည်းသုံးခုကို အသုံးပြုပြီး မှန်ကန် သော နည်းစနစ်များဖြင့် စိုက်ပါက တစ်ဧက တင်း ၂၀ ရရှိနိုင်သည်။

အထွက်နှုန်းမြင့်မား

မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးနေသော နေကြာမျိုးများသည် သဘာဝဝတ်မှုန်ကူးသော မျိုးများဖြစ်သည်။ အထွက်နှုန်းသည် အင်မတန်နည်းသည်။ ၁၅ တင်းမှ ၂၅တင်းနှုန်းသာထွက်ရှိသည်။ ထို့ကြောင့် စပ်မျိုးနေကြာများဖြင့် အထွက်နှုန်းမြင့်မားစွာ ရရှိနိုင်သည်။ ထို့ကြောင့် ဗဟိုသုတေသန ဆီထွက်သီးနှံ ဌာနစုအနေဖြင့် စပ်မျိုးနေကြာ ထုတ်လုပ်ရေး သုတေသနလုပ်ငန်းများကို ၁၉၉၃-၁၉၉၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

နည်းပညာနှင့် သုတေသန

၂၀၀၀-၂၀၀၁ ခုနှစ်တွင် ရေဆင်းစပ်မျိုး နေကြာမျိုးတစ်မျိုးကို အောင်မြင်စွာ ထုတ်လုပ်ဖြန့်ချိနိုင်ပြီဖြစ်သည်။ ရေဆင်းနေကြာစပ်မျိုးကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် တိုင်းနှင့်ပြည်နယ်အသီးသီး၌ ဧက နှစ်ထောင်ကျော် စိုက်ပျိုးခဲ့သည်။ ဆက်လက်၍ စပ်မျိုးနေကြာများ ထုတ်လုပ်သွားရန်အတွက် နည်းပညာနှင့် သုတေသန လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသည်။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် ရေဆင်းစပ်မျိုး နေကြာ နံပါတ်(၁)မျိုးကို ဧကနှစ်သောင်းကျော် စိုက်ပျိုးနိုင်ရန် သုတေသနလုပ်ငန်းများ ပြုလုပ်နေသည်။ ပန်းတိုင်အထွက်နှုန်းအနေနှင့် နေကြာတွင် တစ်ဧက တင်း ၅၀ ရရှိရန် စပ်မျိုးနေကြာကို ပြောင်းလဲအသုံးပြုသွားလျှင် ပန်းတိုင်အထွက်နှုန်းရရှိရန် သေချာပါသည်ဟု ပြောကြားသွားသည်။ ။

(ကြေးမုံ)

အဆင့်မြင့်တန်းဘောလုံးပွဲ ဆောက်လုပ်ရေးအသင်းအနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲအဖြစ် (ခ)အုပ်စုမှ တံခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆောက်လုပ်ရေးအသင်း သုံးဂိုး။

(ဆန်းဒေးသိန်း၊ လာကျဲအိုလွယ်နှင့် သန်းစိုးဦး တစ်ဂိုးစီ)

တံခွန်အသင်း နှစ်ဂိုး။

(ရဲမောင်မောင်နှင့် ကျော်သက်ဦး)

အကောင်းဆုံးဆု

သန်းစိုးဦး(ဆောက်လုပ်ရေး)။

ဒိုင်လူကြီး ဦးလှသန်းမောင်။

တစ်ချိန်က အစဉ်အလာရှိခဲ့သည့် ဆောက်လုပ်ရေးအသင်းသည် ယခုနှစ် ဘောလုံးရာသီသစ်တွင် ခြေစွမ်းခြေစ ကောင်းမွန်လာပြီး အုပ်စုတက်ရန် အရေးကြီးသောနိုင်ပွဲကို ယနေ့ပွဲ၌ ရယူနိုင်လိုက်သည်။

အကြိတ်အနယ်

ပွဲဦးထွက်ပွဲတွင် နာမည်ကြီး စွမ်းအင်ကို အနိုင်ယူနိုင်ခဲ့သော ပုဂ္ဂလိက တံခွန်ဘောလုံးအသင်းတွင် ဒဏ်ရာရနေသူများပြားနေ၍ အသင်းကစားအားအနည်းငယ်လျော့ခဲ့ရသော်လည်း ဖွဲ့စိတ်ဓာတ် အပြည့်ဖြင့် ကြိုးကြိုးစားစားအားကြိုးမာန်တက် ကစားကွက်မိမိဖြင့် ကစားခဲ့ရာ ရှုံးနိမ့်ခဲ့သော်လည်း ဆောက်လုပ်ရေးအသင်းကို သူတင်ကိုယ်တင်ဖြင့် အကြိတ်အနယ် ကစားနိုင်ခဲ့သည်။

ယနေ့ပွဲအပြီးတွင် ဆောက်လုပ်ရေးအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိထား၍ အုပ်စုတက်ရန် အလားအလာကောင်းနေပြီး တံခွန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားသောကြောင့် နောက်ဆုံးပွဲပေါ်မူတည်ပြီး အုပ်စုတက်ရေးဆုံးဖြတ်ပေးမည်ဖြစ်သည်။

ယနေ့ပွဲ

ညနေ၃နာရီခွဲ

(အောင်ဆန်းကွင်း)

ပို့ဆောင်ရေး(က)နှင့် စွမ်းအင်။

သတင်း-ညီညီစိုးညွန့်

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာ့သံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၆။	မျိုးချစ်တပ်မတော်
၄း၄၅	၇။	ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄း၅၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၅	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)တတိယနှစ်(သမိုင်း) (ခ)တတိယနှစ် (ဘောဂဗေဒ)
၅း၃၀	၁၀။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေးဓေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	မြန်မာ့ရှုခင်း
၆း၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတုရင် ကြည်ဖြူပါမယ်ရှင် (အပိုင်း-၁၀)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၂၂)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

✡ **စာမျက်နှာ ၁၁ မှ**

ရမည်ဖြစ်သကဲ့သို့ အခွန်အခများကိုလည်း အယိုအဖိတ်မရှိ အပြည့်အဝ ရရှိအောင် စည်းကြပ်ကောက်ခံသွားရန်လိုကြောင်း။

အခွန်ထမ်းပြည်သူများက အခွန်များ ထမ်းဆောင်ချင်လာအောင်၊ စည်ပင်သာယာရေးလုပ်ငန်းများ၌ ပြည်သူအများ အသိတရားရှိရှိ ပူးပေါင်းပါဝင်လာအောင် စည်းရုံးပညာပေးရုံသာမက မိမိတို့၏ လုပ်ငန်းစွမ်းဆောင်မှုကိုလည်း ပြသရမည်ဖြစ်ကြောင်း။

အကန့်အသတ်များဖြင့် ငွေကြေးသုံးစွဲနေရမှုများ ရှိမည်ဖြစ်သော်လည်း မိမိတို့၏ အခြားအားထုတ်လုပ်ကိုင်နိုင်သော စွမ်းအားများကို အပြည့်အဝ ထုတ်နိုင်မည်ဆိုပါက လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်ရမည်ဖြစ်ကြောင်းဖြင့်ဆွေးနွေးမှာကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့သည် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့သွားရောက်ပြီး ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတို့မှ ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂)တို့အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်များ၊ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းငါးခုနှင့် အဆိုပါဌာနများ၏ လုပ်ငန်းတာဝန်များ၊ ပွန်ချောင်းတံတား တည်ဆောက်ရေးစီမံကိန်း၊ ရေးမြစ်ကူးတံတားတည်ဆောက်ရေး စီမံကိန်း၊ ပုံတောင်ပုံညာ ဥမင်လိုဏ်ဖောက်လုပ်ရေးစီမံကိန်း၊ ဆိုက်ခေါင်-နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၊ မန္တလေးဘူတာကြီး တည်ဆောက်ရေး စီမံကိန်း၊ သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းဖောက်လုပ်ရေးနှင့် ဘူတာဝင်း တည်ဆောက်ရေး စီမံကိန်း၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်ရေးစီမံကိန်း စသည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၏ သမိုင်းကြောင်း၊ ရည်မှန်းချက်၊ ဝန်ထမ်းအင်အားနှင့် ဖွဲ့စည်းပုံ၊ အသုံးစရိတ်နှင့် ဝင်ငွေတိုးမြှင့်စွမ်းဆောင်နိုင်မှု အခြေအနေ၊ပြည်သူများခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေက မြန်မာ့မီးရထား၏ ရည်မှန်းချက်တာဝန်များ၊ ဌာန၏ ဖွဲ့စည်းပုံအင်အားနှင့် ဝန်ထမ်းအခြေအနေ၊ လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်နှင့် တိုင်းများအလိုက် လုပ်ငန်းနယ်မြေများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ၁၉၈၈ ခုနှစ် မတိုင်မီနှင့် ၂၀၀၃ ခုနှစ် မတ် ၃၁ရက်အထိ ရှိသည့် မြန်မာ့မီးရထား၏ ခရီးမိုင်၊ ရထားသံလမ်းမိုင်၊ တံတားကြီးငယ်များနှင့် ဘူတာများအခြေအနေ၊ မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ လက်ရှိ စက်ခေါင်းများ၊ ရေနွေးငွေ့စက်ခေါင်းများ၊ လူစီးတွဲ၊ ကုန်တွဲအခြေအနေ၊ ခရီးတိုသွားရထား စက်ခေါင်းများ အခြေအနေ၊ မြန်မာ့မီးရထားက တီထွင်ထုတ်လုပ်သည့် ခရီးတိုသွား ရထားစက်ခေါင်းများဆိုင်ရာ အချက်အလက်များ၊ နိုင်ငံခြားသုံးငွေ သက်သာစေရေးအတွက် တီထွင်ထုတ်လုပ်သည့် ရထားစက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ၊ စက်ခေါင်းနှင့် လူစီးတွဲ၊ ကုန်တွဲလိုအပ်ချက်နှင့် ရရှိမှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်ဖြည့်ဆည်းထား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ ရထားပို့ဆောင်ရေးလုပ်ငန်း၏ အရည်အသွေး ပြန်လည်မြှင့်တင်နိုင်ရေး အတွက်နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မြစ်ငယ်စက်ရုံ၊ ရွာထောင်စက်ရုံနှင့် အင်းစိန်စက်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်ဖြည့်ဆည်းထားပြီး ဖြစ်ကြောင်း။

ယင်းလမ်းညွှန်မှုများကို အခြေခံ၍ မိမိတို့၏ ရရှိထားပြီးသော လုပ်ငန်း အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို အပြည့်အဝအသုံးချပြီး ဝန်ကြီးဌာနတစ်ခုလုံး၏ စွမ်းဆောင်ရည်တက်လာအောင် ဖိဖိစီးစီး ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ မိမိတို့အပိုင်းကလည်း လိုအပ်သည်များကို ပံ့ပိုးညှိနှိုင်း ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူများထံ ရောက်အောင်၊ ဈေးကွက်သို့ရောက်အောင်ပို့ဆောင်ရာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍသည် အရေးပါသည့် အခန်းကဏ္ဍကပါဝင်လျက်ရှိကြောင်း၊ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ အဆင့်ဆင့်သော ဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် စေတနာထားဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ လုပ်ငန်းများ တိုးတက်အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း။

ထိတွေ့ရင်းနှီးရေး

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှုသည် စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည်သာမက တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ထိတွေ့ရင်းနှီးရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲစေရေးတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း။

ထို့ကြောင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများသည်မိမိတို့ဌာနဂုဏ်သိက္ခာကို မြှင့်တင်ပြီး လမ်းပန်းဆက်သွယ်မှု သွက်လက်ချောမွေ့ ကောင်းမွန်စေရေး၊ ခရီးသည်များ လုံခြုံစိတ်ချစွာသွားလာနိုင်ရေး၊ခရီးသည်များသက်သောင့်သက်သာရှိစေရေးတို့အတွက် စေတနာထားကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ယနေ့ခေတ်

၁၅ရက်တစ်ကြိမ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အားထားရာ ပညာရေးလမ်းညွှန်ဂျာနယ်"ယနေ့ခေတ်" ကို ရွှေနန်းမှန်ကူစာအုပ်တိုက် ဖုန်း- ၂၄၅၀၂၄ က ကျပ်၁၅၀နှင့် ဖြန့်ချိထားသည်။ တက္ကသိုလ်ဝင်တန်းဘာသာစုံ ပညာရေးပို့ချချက်များကို ဝါရင့်ဆရာများက ပြုစုထားသည်။ **(အပေါ်ဝဲပုံ)**

(က-ပ)

ဘုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

သန်လျင်တရားစခန်း တော်သလင်းလပြည့်ဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂

ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ကြီးမှူး၍ သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်း၊ ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာ၌ စက်တင်ဘာ ၁၀ ရက်ညနေမှ ၁၈ ရက်နံနက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ အရှင်ကေလာသ ဦးဆောင်သော ကမ္မဋ္ဌာနာစရိယများက ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ရိပ်သာသို့ တိုက်ရိုက်လာနိုင်သည့်အပြင် မင်္ဂလာဗျူဟာအသင်းချုပ်သို့ ဖွင့်မည့်နေ့ ညနေ ၃နာရီထက်နောက်မကျစေဘဲလာရောက်ကြရန်နှင့် ရိပ်သာဖုန်း- ၀၅၆-၂၁၄၃၂သို့ စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂

Aung Tharaphu GCE Training Centerတွင် အင်္ဂလိပ်ဘာသာရပ်များဆိုင်ရာ GCE , TOEFL& IELTS စသည့် နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရသင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ်ပုံမှန် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် TOEFL စာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ် စီစဉ်ပေးလျက်ရှိသည့်အပြင် TOEFL စာမေးပွဲကိုလည်း လစဉ်ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၁၀၅) လမ်းမတော်လမ်း သံဈေးရှေ့၊ ဖုန်း- ၂၁၂၃၅၇ နှင့် ၂၅၂၈၂၁တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဆရာညိမ်းကို စုပေါင်းဂါရဝပြုကြမည်

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တက္ကသိုလ် အားကစားအရာရှိ ဆရာဦးညိမ်းအား တက္ကသိုလ်ဘောလုံးသမားဟောင်းများက စုပေါင်းဂါရဝပြုကြမည်ဖြစ်၍ စက်တင်ဘာ ၆ရက်(စနေနေ့) နံနက်၈နာရီတွင် တက္ကသိုလ်များ ဗဟိုအားကစားကွင်းသို့ မပျက်မကွက် လာရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။

(က-ပ)

အမည်ပြောင်းခြင်း

ဦးမျိုးသက်၏ သမီး အထက(၂) လသာ ဆဋ္ဌမတန်း(အေ)မှ မတင်ရတနာ [၁၂/အလန(နိုင်)၀၄၂၉၀၀]အား မထက်ဝင့်ရည်သိန်းဟု ပြောင်းလဲခေါ်ပါရန်။

မထက်ဝင့်ရည်သိန်း။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၂)၊ သုံးမြှောင်လမ်းနေ ဦးတင်အေး [၁၂/မဂတ(နိုင်)၀၃၀၉၆၇]-ဒေါ်ရန်[၁၂/မဂတ(နိုင်) ၀၃၀၆၅၄]တို့၏သား ခင်မောင်အေး [၁၂/မဂတ(နိုင်)၀၈၁၁၀၈] သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘတို့ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပြုမူဆောင်ရွက်သွားပါသဖြင့် သားအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်ပါသည်။ ခင်မောင်အေးနှင့်ပတ်သက်သော ငွေကြေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်း သည်းခံပါ။
ဦးတင်အေး-ဒေါ်ရန်။

တစ်နိုင်ငံလုံး ပထမငယ်တန်း ဒုတိယဂုဏ်ထူးရှင် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနား ညောင်တုန်း၌ ကျင်းပ

ညောင်တုန်း ဩဂုတ် ၂၆

အစိုးရပထမပြန် စာမေးပွဲ ပထမငယ်တန်းတွင် တစ်နိုင်ငံလုံး၌ ဒုတိယဂုဏ်ထူးဆွတ်ခူး ရရှိတော်မူသော ညောင်တုန်းမြို့ တောင်ညိုစာသင်တိုက်မှ ရှင်အဘိဓဇအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယင်းကျောင်းတိုက်တွင် ဩဂုတ် ၁၁ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဈေးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ငါးပါးသီလခံယူပြီး ဒုတိယဂုဏ်ထူးရ ရှင်အဘိဓဇအားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရတုကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး မြို့နယ်သာသနာရေး ဦးစီးမှူး ဦးစန်းယုက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အကျိုးတော်ဆောင် ဦးသန်းဆိုင်က ပူဇော်ပွဲ ကျင်းပရခြင်းကိုလည်းကောင်း၊ အကျိုးတော်ဆောင် ဦးထွန်းလှိုင်က ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားကြသည်။

အမှာပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နှင့် ဇရာဝတီတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိဂြောဓာရုံဆရာတော်ဦးကဝိဝိပယတို့က ဩဝါဒကထာများ မြွက်ကြားပြီးရေစက်ချ အမှာပေးဝေခဲ့ကြသည်။ (၁၆၁)

မြို့နယ် သတင်းများ

အလှူငွေပေးအပ်

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဘူတာရပ်နေ ဦးစိုးသိန်း-ဒေါ်ဆင်နုမိသားစု၏ (၇၂)နှစ်မြောက် မွေးနေ့နှင့် (၈)ကြိမ်မြောက် သာသနာရေး၊ ဘာသာရေး၊ လူမှုရေးအလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၃ ရက်က မြတ်ရွှေဂူစေတီတော် ဓမ္မာရုံတွင်ကျင်းပရာ အလှူတော်ငွေကျပ် ၅၀၁ သိန်းကျော်ကို သာသနာရေး၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ ၁၅ဖွဲ့သို့ ခွဲဝေ လှူဒါန်းရာ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းက လက်ခံရယူစဉ်။ (၁၉၂)

ကလေးခရိုင် ဆို၊ က၊ ရေး၊ တီးယှဉ်ပြိုင် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ဆုပေးအပ်

ကလေး ဩဂုတ် ၂၈

စစ်ကိုင်းတိုင်း ကလေးခရိုင် ဇကာဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအခမ်းအနားကို ကလေးမြို့ အောင်သစ္စာရပ်ကွက် အောင်ဆန်းခန်းမဆောင်၌ ဩဂုတ် ၂၇ ရက်က ကျင်းပရာ ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးချစ်နှင့်အဖွဲ့ဝင်များ၊ မင်းကင်းမြို့နယ်၊ ကလေးဝမြို့နယ်နှင့် ကလေးမြို့နယ်တို့မှ ပြိုင်ပွဲဝင်များ အကဲဖြတ်လူကြီးများ၊ အနုပညာဝါသနာရှင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင်များက အဆို၊ အက၊ အရေး၊ အတီး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုများချီးမြှင့်

ဩဂုတ် ၂၇ ရက် ညပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို အဆိုပါ အောင်ဆန်းခန်းမဆောင်တွင် ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။ (၄၅၇)

ပညာရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းစည်းဝေး ဖျာပုံခရိုင်ဥက္ကဋ္ဌ အမှာစကား ပြောကြား

ဖျာပုံ ဩဂုတ် ၂၅

ဖျာပုံခရိုင် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်တို့၏ ၂၀၀၃ ခုနှစ် ဩဂုတ်လအတွက် ပညာရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ရုံးခန်းတွင် ကျင်းပသည်။

— အမှာစကားပြောကြား —

အစည်းအဝေးတွင် ရှေးဦးစွာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က အမှာစကားပြောကြားရာတွင် ကျောင်းသားနှင့်ဆရာ အချိုးညီမျှတရေး၊ ကျောင်းဥပဓိရုပ် ကောင်းရေး၊ ကျောင်းသားများ ကျောင်းမြဲရေး၊ အချိန်ပြည့် စာသင်ကြားနိုင်ရေး၊ အောင်ချက်ကောင်းရေး စာကြည့်တိုက်များ ထူထောင်ရေး၊ ရပ်ရွာပညာပဒေသာ ဌာနများ ဖွင့်လှစ်ရေးတို့အတွက် မှာကြားသည်။

— ဆွေးနွေးညှိနှိုင်း —

ဆက်လက်၍ တက်ရောက်လာကြသော လေးမြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပညာရေးမှူးများက မိမိတို့မြို့နယ်အလိုက် ဆောင်ရွက်ချက်များကို တင်ပြကြရာ ခရိုင်ဥက္ကဋ္ဌက ပြန်လည် ဆွေးနွေးညှိနှိုင်းပြီး နိဂုံးချုပ်စကားပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့ပေါ် (၁၄)ရပ်ကွက် အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁၉ ရက် ညနေက မြို့မအားကစားကွင်း၌ ပြုလုပ်ရာ ပထမရရှိသော ရေကျော်ရပ်ကွက်အသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်က ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (၁၈၂)



မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ငွေပဒေသာပင် ပထမအကြိမ်ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၈ ရက်က ခရိုင်ပြန်/ဆက်ရုံး စာကြည့်တိုက်တွင် ကျင်းပရာ မအူပင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးကျင်ဝင်း (ကျင်ဝင်းငြိမ်း-မအူပင်)က အလှူငွေများကို မအူပင်ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးတင်ထွေးသို့ ပေးအပ်စဉ်။ (၃၅၉)

မိုးစပါး ကောက်စိုက်စွမ်းရည် တာချီလိတ်၌ ယှဉ်ပြိုင်

တာချီလိတ် ဩဂုတ် ၂၅

တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စုတွင် ၂၀၀၃ ခုနှစ် မိုးစပါးကောက်စိုက်စွမ်းရည် ပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်က ကွင်းအမှတ်(၁၅) ဦးပိုင်အမှတ်(၂၉) တောင်သူဦးကျော်ဝင်း၏ လယ်မြေတွင် ကျင်းပသည်။

အခမ်းအနားသို့ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ညွန့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ကောက်စိုက်ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီးတွင် ပထမဆုရ မိုင်းကိုးကျေးရွာအုပ်စု ကောက်စိုက်လုံမေအဖွဲ့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ညွန့်သိန်းကလည်းကောင်း၊ ဒုတိယဆုရ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စုအသင်းနှင့် တတိယဆုရ မိုင်းဖုန်း(က)ကျေးရွာအုပ်စုအသင်းတို့အား မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း ဆုများချီးမြှင့်သည်။

(ခရိုင်ပြန်/ဆက်)

မျိုးဆက်ပွား ကျန်းမာရေး စီမံချက် ရှင်းလင်းတင်ပြ

မော်လမြိုင် ဩဂုတ် ၂၆

မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မျိုးဆက်ပွား ကျန်းမာရေး စီမံချက်နှင့် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီ ပိုးကူးစက်မှု တားဆီးခြင်း စီမံချက်အသိပေး ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဩဂုတ် ၁၃ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမတွင် ကျင်းပသည်။

ဆက်လက်၍ မွန်ပြည်နယ် ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမင်းနွယ်စိုးက မျိုးဆက်ပွားကျန်းမာရေး စီမံချက်ကိုလည်းကောင်း၊ ခုခံအားကျဆင်းမှု ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်သွင်က မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီ ပိုးကူးစက်မှု တားဆီးခြင်း စီမံချက်ကိုလည်းကောင်း ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ (၃၀၇)

စိုက်ပျိုး

ကြခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဘွားနှင့် ဝန်ထမ်းများ ဩဂုတ် ၂၅ ရက်က လွှတ်လပ်ရေးပန်းခြံတွင် ပေါင်းမြက်များရှင်းလင်း၍ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အစည်းအဝေးတက်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၁ရက်မှ ၄ရက်အထိကျင်းပမည့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ (၅၉)ကြိမ်နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ရန် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ထွက်ခွာသွားကြသည်။

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးအောင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်နှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်တို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးသမားတော်ကြီးများအဖွဲ့ ပညာပေးဟောပြော၊ အခမဲ့ဆေးကု

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်း)မှ ကြီးမှူး၍ ကွင်းဆင်းကုသရေးနှင့် ပညာပေး အစီအစဉ်ကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီခွဲက တိုက်ကြီးမြို့နယ် ဥက္ကံရွာမ ကျေးရွာ အမက ကျောင်းခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဦးလှဌေး (မှန်ချိုဆေးတိုက်)နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်တို့က အမှာစကားပြောကြားသည်။ သမားတော်ကြီး ဦးမြဝင်းနှင့် သမားတော်ဦးသက်လွင်တို့က ပညာပေးဟောပြောပြီး ရန်ကုန်တိုင်း တိုင်းရင်ဆေးဆရာအသင်းဥက္ကဋ္ဌ သမားတော်ကြီးဦးလှဌေး (မှန်ချိုဆေးတိုက်)နှင့် တိုင်းအလုပ်အမှုဆောင်ကော်မတီဝင် ဆရာဦးခင်မောင်ထွန်း (ထက်လင်းဆေးတိုက်) တို့က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အမကကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

— ဖြည့်ဆည်း —

ထို့နောက် သမားတော်ကြီး ဦးလှဌေး (မှန်ချိုဆေးတိုက်)၊ ဦးမြဝင်း၊ ဦးသိန်းထွန်း၊ ဦးသက်လွင်၊ ဦးဝေဝင်း၊ ဦးဝင်းမိုးကျော်၊ ဒေါ်နန်းအေးစိုးမိုး၊ ဒေါ်ရင်ရင်တင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်သန်းသန်းအေး၊ ဦးမောင်မောင်မြင့်၊ ဦးညီညီမောင်နှင့် ဒေါ်ခင်မာလွင်တို့က နံနက် ၉နာရီခွဲမှ ညနေ ၃ နာရီအထိ ရောဂါရှင်လူ ပြည်သူများအား အခမဲ့ဆေးကုခြင်း၊ ဆေးလှူဒါန်းခြင်းပြုလုပ်ကြရာ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် တိုင်းဦးစီးဌာနမှူးဒေါ်သန်းသန်းမြင့်တို့က ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးကြသည်။ **(အပေါ်ပုံ)** (က-ပ)

မိုးမိတ်စေတီတော်ကြီးနှင့် စက်တော်ရာစေတီနှစ်ဆူကို ရွှေထီးတော်အသစ်တင်လှူပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂

မင်းကွန်းမိုးမိတ်ကုန်းမြေတွင် တည်ရှိသော ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ပြုပြင်တည်ထား ကိုးကွယ်ခဲ့သော မိုးမိတ်စေတီတော်ကြီးနှင့် စက်တော်ရာစေတီတော် နှစ်ဆူမှာ ဟောင်းနွမ်းနေခြင်း၊ ထီးတော်များမှာ အသစ်တစ်ဖန် ပြန်လည်ကပ်လှူရန် လိုအပ်ခြင်းတို့ကြောင့် စေတီတော်နှစ်ဆူကို ၁၃၆၅ခုနှစ် တော်သလင်းလပြည့်နှင့် လပြည့်ကျော် ၁ ရက် (စက်တင်ဘာ ၁၀၊ ၁၁ရက်) နံနက် ၉း၄၅ နာရီတွင် ထီးတော်အသစ် တင်လှူပူဇော်မည်ဖြစ်သည်။ စေတနာရှင်အလှူရှင်များ ဖုန်း-၂၂၂၂၇၇/၇၈/၇၉၊ ၀၂-၃၀၁၉၀ တိပိဋကဓရဆရာတော်များ ဖုန်း-၀၉၆၉-၇၁၆၂၅၊ ၀၉-၆၉-၇၁၆၂၇၊ ၀၉-၅၀-၁၁၇၃၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေသည် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်ရန် တာဝန်ရှိသူများ လိုက်ပါ၍ ဩဂုတ် ၂၆ရက်တွင် လားရှိုးမြို့သို့ ရောက်ရှိပြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လည်းကောင်း၊ ညနေပိုင်းတွင် ကွမ်းလုံမြို့သို့ရောက်ရှိပြီး ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး ကိစ္စများကို လည်းကောင်း၊ ညပိုင်းတွင် လောက်ကိုင်မြို့သို့ရောက်ရှိပြီး နယ်စပ်ဒေသဝန်ထမ်းများ၊ ပန်းဂျုံ စီမံကိန်းမှ ပညာရှင်များနှင့်တွေ့ဆုံ၍ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးကိစ္စများကိုလည်းကောင်း ညှိနှိုင်းသည်။

ညှိနှိုင်းဆွေးနွေး

ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် လောက်ကိုင်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ယန္တရားပြင်အလုပ်ရုံကို ကြည့်ရှုစစ်ဆေးပြီးဝန်ထမ်းများနှင့်လည်းကောင်း၊ လောက်ကိုင်ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးသည်။

မှာကြား

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့သို့လည်းကောင်း၊ ဩဂုတ် ၂၉ရက် နံနက်ပိုင်းတွင် ပန်ဆန်းမြို့သို့ လည်းကောင်းရောက်ရှိ၍ ဒေသမှတာဝန်ရှိသူ များနှင့်တွေ့ဆုံပြီး ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ရပ်သံလွင့်စက်ရုံ

ဆက်လက်၍ မိုင်းပေါက်ရှိ နယ်စပ်ဒေသဝန်ထမ်းများ "ဝ"ဒေသ အစားထိုး ဖွံ့ဖြိုးရေး စီမံကိန်းရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ ဘိန်းအစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ မိုင်းဖျန်မြို့သို့ ရောက်ရှိပြီး မိုင်းဖျန် ရုပ်သံ ထပ်ဆင့်လွှင့်စက်ရုံ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ ဒေသမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ညနေပိုင်းတွင် ဆီလူးမြို့သို့ ရောက်ရှိကာ ဒေသမှ တာဝန်ရှိသူများ၊ နယ်စပ်ဒေသမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး မှာကြားသည်။ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် မိုင်းလားမြို့သို့ ရောက်ရှိပြီး ဒေသမှတာဝန်ရှိသူများနှင့် လည်းကောင်း၊ မိုင်းမကျေးရွာ ဆေးပေးခန်းနှင့် မူလတန်းလွန်ကျောင်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကို စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ညှိနှိုင်းမှာကြားခဲ့ပြီး ကျိုင်းတုံမြို့ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ နယ်စပ်ဒေသ ဝန်ထမ်းများအား တွေ့ဆုံမှာကြားခဲ့သည်။ (သတင်းစဉ်)

ကိုယ်ကာယအလှသင်တန်း ပုံမှန်ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂

ကျန်းမာရေးကို အထူးဂရုစိုက်လာကြသော ယနေ့လောကကြီးတွင် ကျန်းမာရေးအတွက် ပုံမှန်လေ့ကျင့်လိုသူ ကိုယ်ကာယ ဖွံ့ဖြိုးလုပလိုသူများ၊ အညောင်းထိုင်ရသူများ၊ လှုပ်ရှားမှုနည်းလွန်းသူများ၊ အားလုံးအတွက် ရည်ရွယ်၍ ကာယအလှ အားကစားကို အမှန်တကယ် တတ်သိနားလည်သော ကာယအလှ နည်းပြများဖြစ်သည့် မပြုံးရွှေစင်ချိုနှင့် မသီဂီတိုးတို့မှ စနစ်တကျ လေ့ကျင့် သင်ကြားပေးနေသည်။ ဆက်သွယ်လိုပါက '၂၀၂'ကိုယ်ကာယ အလှသင်တန်း အမျိုးသမီးသီးသန့်ကို တိုက် C-31 Rm-202 (ဒုထပ်)၊နှင်းဆီလမ်း ယုဇနပလာဇာဘေးလမ်း မင်္ဂလာမြို့တော်အိမ်ရာ မင်္ဂလာတောင်ညွန့် ဖုန်း-၂၀၃၂၇၈သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထွန်းတောက်ကြယ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၃-၂၀၀၄ ချန်ပီယံလိဂ် ပထမဆင့် အုပ်စုပတ်လည်ပွဲစဉ် အပြည့်အစုံနှင့် နောက်ဆုံးရရှိသည့် ပြည်တွင်းပြည်ပ အားကစားသတင်း၊ သတင်းဆောင်းပါးများ၊ ခန့်မှန်းချက်များ ပါဝင်သည့် Shining Star ထွန်းတောက်ကြယ် အားကစားဂျာနယ် အတွဲ-၄၊ အမှတ်-၁၄ကို သုတစွယ်စုံစာအုပ်တိုက် တိုက်(၉) ရေကျော်လမ်း ပုဇွန်တောင် ရန်ကုန်မြို့ ဖုန်း-၂၀၀၅၁၂၊ ၂၀၂၀၈၉မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က-ပ)



ချစ်ဦးညို၏ ရာဇဝင်ကို စာတင်ကြသူများစာအုပ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂

ချစ်ဦးညို၏ ရာဇဝင်ကို စာတင်ကြသူများနှင့် စာပေအနုပညာ ဆောင်းပါးစာစုများ စာအုပ်ကို သီရိဆွေစာအုပ်တိုက် အမှတ်(၂၇) အပေါ်ဆုံးလွှာ(ဝဲ) ဟသ်ာတလမ်း စမ်းချောင်းမြို့နယ် ဖုန်း ၀၁-၂၈၇၅၁၈နှင့် ၇၀၀၅၇၉တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

ဘာသာစကားနှင့် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂

Dynamic International Language Academy က ဘွဲ့ရ၊ ဘွဲ့ကြိုများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အင်္ဂလိပ်၊ တရုတ်၊ ဂျပန်(ရေး၊ဖတ်၊ပြော)သင်တန်းများနှင့် ကလေးများ အင်္ဂလိပ်စာ ထူးချွန်ထက်မြက်စေရန်အတွက် (ရေး၊ ဖတ်၊ ပြော၊ သဒ္ဒါ) သင်တန်းများကို လည်းကောင်း၊ ကွန်ပျူတာသင်တန်းများကို တစ်ဦးချင်းသင်စနစ်ဖြင့် လည်းကောင်း လစဉ်လဆန်းတိုင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ၌ဝင်ရောက် ဖြေဆိုနိုင်ရန် ဂျပန်စာ အဆင့်မြင့်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ စိတ်ဝင်စားသူများသည် ဖုန်း-၂၂၈၀၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

တရုတ်နိုင်ငံမှ ဝူရှူးဆန်းဆိုနည်းပြများ ထပ်မံရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်အနေဖြင့် ဒုတိယအကြိမ် အာရှလူငယ် ဝူရှူးပြိုင်ပွဲ (၇)ကြိမ်မြောက် ကမ္ဘာ့ဝူရှူး တံခွန်စိုက်ပြိုင်ပွဲနှင့်(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများဆက်လက်ရရှိစေရန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဝူရှူးနည်းပြဆရာများကို ခေါ်ယူငှားရမ်းလေ့ကျင့် ပေးလျက်ရှိသည်။

လေ့ကျင့်ပေး

နောက်ထပ်မံ၍ ငှားရမ်းထားသည့် ဝူရှူးဆန်းဆိုနည်းပြဆရာ MR. LI JIANFEIသည် ဩဂုတ် ၃၁ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းမြင့်၊တွဲဖက်အတွင်းရေးမှူး ဦးအေးချိုတူး၊ နည်းစနစ်မှူး ဦးခွန်ဂျာအောင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။ **(အပေါ်ပုံ)** မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်သည် တရုတ်ဝူရှူး နည်းပြဆရာ လေးဦး၊ နည်းပြဆရာမနှစ်ဦး စုစုပေါင်း ခြောက်ဦးဖြင့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများကို လေ့ကျင့်ပေးလျက်ရှိသည်။

(ကြေးမုံ)

မြို့မဈေး အမှိုက်များ ရှင်းလင်းပြီး

စာတည်းမှူးခင်ဗျား–

၁၂-၈-၂၀၀၃ ကြေးမုံသတင်းစာပါ "မြို့မဈေးအမှိုက်များ ရှင်းလင်းပေးပါ" ခေါင်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြီးဖြစ်ပါကြောင်း ဖော်ပြပါသည်။

ဝက်လက်မြို့နယ်စည်ပင်။

ကျူးကျော်ဆိုင်များစိစစ်ဆောင်ရွက်ပေးပါ

စာတည်းမှူးရှင့်–

အင်းစိန်မြို့နယ် ၁၀မိုင်ကုန်းရပ်ကွက် ၁၀မိုင်ကုန်းဈေးပတ်ရှိလမ်းများပေါ်တွင် ငါးသည်၊ ဟင်းရွက်သည်များနှင့် ပန်းသည်များ ကျူးကျော်ရောင်းချနေပါသည်။ ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများ၏ အနံ့အသက်များကြောင့် ကျန်းမာရေးကို ထိခိုက်လျက်ရှိပြီး လမ်းများမှာလည်း သန့်ရှင်းမှုမရှိဖြစ်နေပါသည်။ သို့ပါ၍ သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

အနံ့မခံနိုင်သူများ။

စနစ်တကျအမှိုက်စွန့်ရေး စီစဉ်ပေးပါ

စာတည်းမှူးခင်ဗျား–

တောင်ဥက္ကလာပမြို့နယ် အမှတ်(၃) ရပ်ကွက်၊(၁၃)လမ်းထိပ်တွင် အမှိုက်ပုံရာ နေရာမဟုတ်ဘဲ စည်းကမ်းမဲ့လွှင့်ပစ်နေကြပါသည်။ အနီးအနားပတ်ဝန်းကျင်ရှိ လူများအား အနံ့ဆိုးများကြောင့် ဘေးဥပဒ်များ ရှိနေပါသည်။ ထို့ကြောင့် စနစ်တကျ အမှိုက်စွန့်ပစ်ရေးအတွက် စီစဉ်ပေးပါရန် ပန်ကြားပါသည်။

အနံ့ဆိုးမခံနိုင်သူများ။

သုမနလမ်းရေမြောင်း ပြန်လည်တူးဖော်ပေးပါ

စာတည်းမှူးခင်ဗျား–

သာကေတမြို့ (၃)ရပ်ကွက် သုမနလမ်းဘေးတွင် ယခင်က ရေစီးမြောင်းရှိခဲ့သော်လည်း ယခုအခါ ရေစီးမြောင်းကို ပိတ်ဆို့ဖို့လိုက်သဖြင့် မိုးတွင်းကာလတွင် ရပ်ကွက်အတွင်းရှိလမ်းများသည် ရေထွက်ပေါက် မရှိတော့ပါ။ ခြင်များပေါက်ပွားကာ ကလေးသူငယ်များအတွက် သွေးလွန်တုပ်ကွေးအန္တရာယ် စိုးရိမ်ရပါသည်။

သို့ပါ၍ သက်ဆိုင်ရာက ပြုပြင်ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

ကျန်းမာလိုသူ။

စက်သုံးဆီအရောင်းဆိုင် တားဆီးပေးပါ

စာတည်းမှူးခင်ဗျား–

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကမ်းနားလမ်း၊ ဈေးရပ်ကွက်အတွင်းရှိ လူနေအိမ်ခန်း တစ်ခုတွင် စက်သုံးဆီများကို ဆားဗစ်ကန်များ၊ ပီပါများနှင့် သိုလှောင်ရောင်းချနေပါသည်။ ၎င်းလောင်စာဆီများကြောင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများမှာ မီးဘေးအန္တရာယ်ကိုစိုးရိမ်နေရပါ၍ သက်ဆိုင်ရာက အချိန်မီ ထိန်းသိမ်းတားဆီးပေးပါရန် တင်ပြပါသည်။

ရပ်ကွက်သူ၊ ရပ်ကွက်သားများ။

ပြည်သူ့ထံမှပေးစာ

The Mirror

လူရမ်းကားများ အရေးယူပေးစေလို

စာတည်းမှူးရှင့်–

ကျွန်မတို့သည် ရွှေဟသာလမ်းသွယ် ဖမိုင်ခွဲ လှိုင်မြို့နယ်တွင် အဆောင်ငှားနေကြသူများဖြစ်ပါသည်။ ထိုလမ်းထဲတွင် နေထိုင်ကြသော အချို့ယောကျ်ားကြီး/ငယ်များသည်မိန်းကလေးတစ်ဦးတည်း အသွား၊အပြန်ချိန်ကိုစောင့်၍ မတော်တရော်များ ပြုလုပ်ပြကြပါသည်။ နေ့စဉ်နှင့်အမျှ နှစ်နှင့်ချီ၍ ကြာမြင့်နေပါပြီ။

ယင်းလူရမ်းကားများကို သက်ဆိုင်ရာက စိစစ်၍တားဆီးပေးပါရန် တင်ပြရပါသည်။

အဆောင်သူများ။

ပီပါခွံထုသံ ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်

စာတည်းမှူးခင်ဗျား–

စစ်တွေမြို့ ကုန်သည်လမ်း မောလိပ်ရပ်ရှိ ပီပါခွံလေမှုတ်လုပ်ငန်းမှ ပီပါခွံထုသံများကို နံနက်မှညအထိ အဆက်မပြတ် ထုလျက်ရှိပါသည်။ ပီပါခွံထုသံများသည် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များအတွက် အနှောင့်အယှက်ဖြစ်စေပါသည်။ သို့ပါ၍ ယင်းလုပ်ငန်းကို သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြပါသည်။

ရပ်ကွက်သား။

မူးယစ်သောက်စားဆိုက်ကားများစိစစ်ပေးစေလို

စာတည်းမှူးခင်ဗျား–

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၅/၆)ရပ်ကွက် ကားလေးဂိတ် ပုလဲလမ်းထိပ်တွင် အနေးယာဉ် (ဆိုက်ကားဂိတ်)မှ ဆိုက်ကားသမားများသည် ကြမ်းတမ်းစွာ ပြောဆိုတိုင်းထွာခြင်း၊ လမ်းသွားလမ်းလာ မိန်းကလေးများကို နောက်ပြောင်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထို့ပြင် လမ်းသွားလမ်းလာ အချို့ကိုလည်း ရန်စခြင်း၊ ခြိမ်းခြောက်ကြိမ်းမောင်းခြင်းများကိုလည်း မူးယစ်သောက်စား၍ နေ့စဉ်ပြုမူနေပါသည်။

သို့ပါ၍ အဆိုပါဆိုက်ကားဂိတ်ကို သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန်တင်ပြပါသည်။**ရပ်ကွက်သား။**

ရပ်ကွက် ဘောလုံးပွဲ ရှင်းလင်းပေးစေလို

စာတည်းမှူးရှင့်–

